| (၄၀) | ဒေါ်ဝင့်နန္ဒာဋွေး | ဒုတိယဦးစီးမှူး (၂၁၆,၀၀၀-၂,၀၀၀-၂၂၆,၀၀၀) လက်ပံတန်းမြို့နယ်ရုံး | ဦးစီးအရာရှိ (၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀) သဲကုန်းမြို့နယ်ရုံး |
| (၄၁) | ဦးကျော်စိုးနိုင် | ဒုတိယဦးစီးမှူး (၂၁၆,၀၀၀-၂,၀၀၀-၂၂၆,၀၀၀) အင်ဂျန်းယန်မြို့နယ်ရုံး | ဦးစီးအရာရှိ (၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀) အင်ဂျန်းယန်မြို့နယ်ရုံး |
| (၄၂) | ဦးနိုင်ဝင်း | ဒုတိယဦးစီးမှူး (၂၁၆,၀၀၀-၂,၀၀၀-၂၂၆,၀၀၀) ထားဝယ်ခရိုင်ရုံး | ဦးစီးအရာရှိ (၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀) ထားဝယ်ခရိုင်ရုံး |
| (၄၃) | ဒေါ်ခင်ဝါဝါလှိုင် | ဒုတိယဦးစီးမှူး (၂၁၆,၀၀၀-၂,၀၀၀-၂၂၆,၀၀၀) ပွင့်ဖြူမြို့နယ်ရုံး | ဦးစီးအရာရှိ (၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀) ပွင့်ဖြူမြို့နယ်ရုံး |
| (၄၄) | ဒေါ်နွယ်နီမြင့် | ဒုတိယဦးစီးမှူး (၂၁၆,၀၀၀-၂,၀၀၀-၂၂၆,၀၀၀) အရာတော်မြို့နယ်ရုံး | ဦးစီးအရာရှိ (၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀) အရာတော်မြို့နယ်ရုံး |
| (၄၅) | ဒေါ်နန်းခလိုက်ရှု | ဒုတိယဦးစီးမှူး (၂၁၆,၀၀၀-၂,၀၀၀-၂၂၆,၀၀၀) သရက်ချောင်းမြို့နယ်ရုံး | ဦးစီးအရာရှိ (၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀) သရက်ချောင်းမြို့နယ်ရုံး |
| (၄၆) | ဒေါ်အိသက်ခိုင် | ဒုတိယဦးစီးမှူး (၂၁၆,၀၀၀-၂,၀၀၀-၂၂၆,၀၀၀) စစ်ကိုင်းခရိုင်ရုံး | ဦးစီးအရာရှိ (၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀) ယင်းမာပင်ခရိုင်ရုံး |
| (၄၇) | ဒေါ်အေးအေးမော် | ဒုတိယဦးစီးမှူး (၂၁၆,၀၀၀-၂,၀၀၀-၂၂၆,၀၀၀) ပုလောမြို့နယ်ရုံး | ဦးစီးအရာရှိ (၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀) ပုလောမြို့နယ်ရုံး |
| (၄၈) | ဒေါ်ခမ်ငိုက်မန် | ဒုတိယဦးစီးမှူး (၂၁၆,၀၀၀-၂,၀၀၀-၂၂၆,၀၀၀) ကလေးဝမြို့နယ်ရုံး | ဦးစီးအရာရှိ (၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀) တွန်းဇန်မြို့နယ်ရုံး |
| (၄၉) | ဦးဇော်ဝမ်းထွန်း | ဒုတိယဦးစီးမှူး (၂၁၆,၀၀၀-၂,၀၀၀-၂၂၆,၀၀၀) သရက်ခရိုင်ရုံး | ဦးစီးအရာရှိ (၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀) သရက်ခရိုင်ရုံး |
| (၅၀) | ဦးဇော်မင်းထွန်း | ဒုတိယဦးစီးမှူး (၂၁၆,၀၀၀-၂,၀၀၀-၂၂၆,၀၀၀) မြန်အောင်မြို့နယ်ရုံး | ဦးစီးအရာရှိ (၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀) မြန်အောင်မြို့နယ်ရုံး |
| (၅၁) | ဒေါ်ဇာနည်ဝင်း | ဒုတိယဦးစီးမှူး (၂၁၆,၀၀၀-၂,၀၀၀-၂၂၆,၀၀၀) ဘုတလင်မြို့နယ်ရုံး | ဦးစီးအရာရှိ (၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀) ဘုတလင်မြို့နယ်ရုံး |

| စဉ် | အမည် | လက်ရှိရာထူး၊ လစာနှုန်း၊ တာဝန်ကျရုံး | တိုးမြှင့်ခန့်ထားမည့် ရာထူး၊ လစာနှုန်း၊ တာဝန်ကျရုံး |
|---|---|---|---|
| (၅၂) | ဒေါ်နှင်းကြည် | ဒုတိယဦးစီးမှူး (၂၁၆,၀၀၀-၂,၀၀၀-၂၂၆,၀၀၀) ကြာအင်းဆိပ်ကြီးမြို့နယ်ရုံး | ဦးစီးအရာရှိ (၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀) ကြာအင်းဆိပ်ကြီးမြို့နယ်ရုံး |
| (၅၃) | ဒေါ်နန်းလှိုင်လှိုင်ဦး | ဒုတိယဦးစီးမှူး (၂၁၆,၀၀၀-၂,၀၀၀-၂၂၆,၀၀၀) မိုင်းကိုင်မြို့နယ်ရုံး | ဦးစီးအရာရှိ (၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀) မိုင်းကိုင်မြို့နယ်ရုံး |
| (၅၄) | ဒေါ်ဥမ္မာ | ဒုတိယဦးစီးမှူး (၂၁၆,၀၀၀-၂,၀၀၀-၂၂၆,၀၀၀) ဆားလင်းကြီးမြို့နယ်ရုံး | ဦးစီးအရာရှိ (၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀) ဆားလင်းကြီးမြို့နယ်ရုံး |
| (၅၅) | ဒေါ်နွယ်နွယ်အေး | ဒုတိယဦးစီးမှူး (၂၁၆,၀၀၀-၂,၀၀၀-၂၂၆,၀၀၀) မိုးညှင်းခရိုင်ရုံး | ဦးစီးအရာရှိ (၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀) မိုးညှင်းခရိုင်ရုံး |
| (၅၆) | ဒေါ်ချိုမြတ်မြတ်ထွေး | ဒုတိယဦးစီးမှူး (၂၁၆,၀၀၀-၂,၀၀၀-၂၂၆,၀၀၀) ကျိုက်မရောမြို့နယ်ရုံး | ဦးစီးအရာရှိ (၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀) ကျိုက်မရောမြို့နယ်ရုံး |
| (၅၇) | ဒေါ်ငွေငွေလှိုင် | ဒုတိယဦးစီးမှူး (၂၁၆,၀၀၀-၂,၀၀၀-၂၂၆,၀၀၀) ကျိုက်လတ်မြို့နယ်ရုံး | ဦးစီးအရာရှိ (၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀) အိမ်မဲမြို့နယ်ရုံး |
| (၅၈) | ဦးရှားဆက် | ဒုတိယဦးစီးမှူး (၂၁၆,၀၀၀-၂,၀၀၀-၂၂၆,၀၀၀) လဟယ်မြို့နယ်ရုံး | ဦးစီးအရာရှိ (၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀) လဟယ်မြို့နယ်ရုံး |
| (၅၉) | ဒေါ်တင်တင်လှ | ဒုတိယဦးစီးမှူး (၂၁၆,၀၀၀-၂,၀၀၀-၂၂၆,၀၀၀) အမရပူရမြို့နယ်ရုံး | ဦးစီးအရာရှိ (၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀) အမရပူရမြို့နယ်ရုံး |
| (၆၀) | ဒေါ်တင်တင်ထွေး | ဒုတိယဦးစီးမှူး (၂၁၆,၀၀၀-၂,၀၀၀-၂၂၆,၀၀၀) သုံးခွမြို့နယ်ရုံး | ဦးစီးအရာရှိ (၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀) သုံးခွမြို့နယ်ရုံး |
| (၆၁) | ဒေါ်သဇင် | ဒုတိယဦးစီးမှူး (၂၁၆,၀၀၀-၂,၀၀၀-၂၂၆,၀၀၀) ထန်းတပင်မြို့နယ်ရုံး (ပဲခူးတိုင်းဒေသကြီး) | ဦးစီးအရာရှိ (၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀) ထန်းတပင်မြို့နယ်ရုံး (ပဲခူးတိုင်းဒေသကြီး) |
| (၆၂) | ဒေါ်ခွင်ကြည် | ဒုတိယဦးစီးမှူး (၂၁၆,၀၀၀-၂,၀၀၀-၂၂၆,၀၀၀) ဝန်းသိုမြို့နယ်ရုံး | ဦးစီးအရာရှိ (၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀) ဝန်းသိုမြို့နယ်ရုံး |
| (၆၃) | ဒေါ်နန်းပြုံးရီ | ဒုတိယဦးစီးမှူး (၂၁၆,၀၀၀-၂,၀၀၀-၂၂၆,၀၀၀) ရှမ်းပြည်နယ်ရုံး | ဦးစီးအရာရှိ (၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀) လင်းခေးခရိုင်ရုံး |

| စဉ် | အမည် | လက်ရှိရာထူး၊ လစာနှုန်း၊ တာဝန်ကျရုံး | တိုးမြှင့်ခန့်ထားမည့် ရာထူး၊ လစာနှုန်း၊ တာဝန်ကျရုံး |
|---|---|---|---|
| (၆၄) | ဒေါ်တင်ဇာစိုး | ဒုတိယဦးစီးမှူး<br>(၂၁၆,၀၀၀-၂,၀၀၀-၂၂၆,၀၀၀)<br>ပေါင်မြို့နယ်ရုံး | ဦးစီးအရာရှိ<br>(၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀)<br>ပေါင်မြို့နယ်ရုံး |
| (၆၅) | ဒေါ်မိုးမိုးခိုင် | ဒုတိယဦးစီးမှူး<br>(၂၁၆,၀၀၀-၂,၀၀၀-၂၂၆,၀၀၀)<br>ကလိန်အောင်မြို့ရုံး | ဦးစီးအရာရှိ<br>(၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀)<br>ပဲခူးခရိုင်ရုံး |
| (၆၆) | ဒေါ်ယုယုသိန်း | ဒုတိယဦးစီးမှူး<br>(၂၁၆,၀၀၀-၂,၀၀၀-၂၂၆,၀၀၀)<br>ငဖဲမြို့နယ်ရုံး | ဦးစီးအရာရှိ<br>(၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀)<br>ငဖဲမြို့နယ်ရုံး |
| (၆၇) | ဒေါ်ခက်ခက်လွင် | ဒုတိယဦးစီးမှူး<br>(၂၁၆,၀၀၀-၂,၀၀၀-၂၂၆,၀၀၀)<br>ဘားအံခရိုင်ရုံး | ဦးစီးအရာရှိ<br>(၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀)<br>ဘားအံခရိုင်ရုံး |
| (၆၈) | ဒေါ်နုနုရီ | ဒုတိယဦးစီးမှူး<br>(၂၁၆,၀၀၀-၂,၀၀၀-၂၂၆,၀၀၀)<br>ပုသိမ်ခရိုင်ရုံး | ဦးစီးအရာရှိ<br>(၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀)<br>ငပုတောမြို့နယ်ရုံး |
| (၆၉) | ဒေါ်စန္ဒာလင်း | ဒုတိယဦးစီးမှူး<br>(၂၁၆,၀၀၀-၂,၀၀၀-၂၂၆,၀၀၀)<br>မိုးညှင်းမြို့နယ်ရုံး | ဦးစီးအရာရှိ<br>(၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀)<br>မိုးညှင်းမြို့နယ်ရုံး |
| (၇၀) | ဒေါ်ချိုမီအောင် | ဒုတိယဦးစီးမှူး<br>(၂၁၆,၀၀၀-၂,၀၀၀-၂၂၆,၀၀၀)<br>ဆိပ်ဖြူမြို့နယ်ရုံး | ဦးစီးအရာရှိ<br>(၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀)<br>ဆိပ်ဖြူမြို့နယ်ရုံး |
| (၇၁) | ဦးထွန်းလင်း | ဒုတိယဦးစီးမှူး<br>(၂၁၆,၀၀၀-၂,၀၀၀-၂၂၆,၀၀၀)<br>ပင်လောင်းမြို့နယ်ရုံး | ဦးစီးအရာရှိ<br>(၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀)<br>ပင်လောင်းမြို့နယ်ရုံး |
| (၇၂) | ဦးသီဟထက်အောင် | ဒုတိယဦးစီးမှူး<br>(၂၁၆,၀၀၀-၂,၀၀၀-၂၂၆,၀၀၀)<br>ခန္တီးခရိုင်ရုံး | ဦးစီးအရာရှိ<br>(၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀)<br>ခန္တီးခရိုင်ရုံး |
| (၇၃) | ဒေါ်မေသူမြင့် | ဒုတိယဦးစီးမှူး<br>(၂၁၆,၀၀၀-၂,၀၀၀-၂၂၆,၀၀၀)<br>မတ္တရာမြို့နယ်ရုံး | ဦးစီးအရာရှိ<br>(၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀)<br>မတ္တရာမြို့နယ်ရုံး |
| (၇၄) | ဒေါ်ခင်မူမူဝင်း | ဒုတိယဦးစီးမှူး<br>(၂၁၆,၀၀၀-၂,၀၀၀-၂၂၆,၀၀၀)<br>အုတ်တွင်းမြို့နယ်ရုံး | ဦးစီးအရာရှိ<br>(၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀)<br>အုတ်တွင်းမြို့နယ်ရုံး |
| (၇၅) | ဦးဟရန်အဲရ် | ဒုတိယဦးစီးမှူး<br>(၂၁၆,၀၀၀-၂,၀၀၀-၂၂၆,၀၀၀)<br>ဖလမ်းခရိုင်ရုံး | ဦးစီးအရာရှိ<br>(၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀)<br>ဖလမ်းခရိုင်ရုံး |

| စဉ် | အမည် | လက်ရှိရာထူး၊ လစာနှုန်း၊ တာဝန်ကျရုံး | တိုးမြှင့်ခန့်ထားမည့် ရာထူး၊ လစာနှုန်း၊ တာဝန်ကျရုံး |
|---|---|---|---|
| (၇၆) | ဒေါ်သီတာ | ဒုတိယဦးစီးမှူး (၂၁၆,၀၀၀-၂,၀၀၀-၂၂၆,၀၀၀) လှိုင်ကော်ခရိုင်ရုံး | ဦးစီးအရာရှိ (၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀) ဒီးမော့ဆိုမြို့နယ်ရုံး |
| (၇၇) | ဒေါ်ခိုင်ဆုရည်ထွန်း | ဒုတိယဦးစီးမှူး (၂၁၆,၀၀၀-၂,၀၀၀-၂၂၆,၀၀၀) စီမံခန့်ခွဲရေးဌာနခွဲ၊ ရုံးချုပ် | ဦးစီးအရာရှိ (၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀) စီမံခန့်ခွဲရေးဌာနခွဲ၊ ရုံးချုပ် |
| (၇၈) | ဒေါ်ယဉ်ယဉ်နု | ဒုတိယဦးစီးမှူး (၂၁၆,၀၀၀-၂,၀၀၀-၂၂၆,၀၀၀) မော်လမြိုင်ခရိုင်ရုံး | ဦးစီးအရာရှိ (၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀) သထုံခရိုင်ရုံး |
| (၇၉) | ဒေါ်ခင်နှင်းကြည် | ဒုတိယဦးစီးမှူး (၂၁၆,၀၀၀-၂,၀၀၀-၂၂၆,၀၀၀) ရန်ကုန်မြောက်ပိုင်းခရိုင်ရုံး | ဦးစီးအရာရှိ (၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀) ရန်ကုန်မြောက်ပိုင်းခရိုင်ရုံး |
| (၈၀) | ဦးအောင်ဇော်ထွေး | ဒုတိယဦးစီးမှူး (၂၁၆,၀၀၀-၂,၀၀၀-၂၂၆,၀၀၀) လမ်းမတော်မြို့နယ်ရုံး | ဦးစီးအရာရှိ (၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀) လမ်းမတော်မြို့နယ်ရုံး |
| (၈၁) | ဒေါ်နန်းအိအိဖြူ | ဒုတိယဦးစီးမှူး (၂၁၆,၀၀၀-၂,၀၀၀-၂၂၆,၀၀၀) ပန်ဆိုင်း (ကြူကုတ်) မြို့ရုံး | ဦးစီးအရာရှိ (၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀) တန့်ယန်းမြို့နယ်ရုံး |
| (၈၂) | ဒေါ်အေးအေးဆင့် | ဒုတိယဦးစီးမှူး (၂၁၆,၀၀၀-၂,၀၀၀-၂၂၆,၀၀၀) ပေါင်းတည်မြို့နယ်ရုံး | ဦးစီးအရာရှိ (၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀) ပေါင်းတည်မြို့နယ်ရုံး |
| (၈၃) | ဦးရွှေနိုင်ငြေး | ဒုတိယဦးစီးမှူး (၂၁၆,၀၀၀-၂,၀၀၀-၂၂၆,၀၀၀) သုတေသနနှင့် သတင်း အချက်အလက်ဌာနခွဲ၊ ရုံးချုပ် | ဦးစီးအရာရှိ (၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀) သုတေသနနှင့် သတင်း အချက်အလက်ဌာနခွဲ၊ ရုံးချုပ် |
| (၈၄) | ဒေါ်သန်းသန်းဆင့် | ဒုတိယဦးစီးမှူး (၂၁၆,၀၀၀-၂,၀၀၀-၂၂၆,၀၀၀) ကံမမြို့နယ်ရုံး | ဦးစီးအရာရှိ (၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀) ကံမမြို့နယ်ရုံး |
| (၈၅) | ဒေါ်စံပယ်ဦး | ဒုတိယဦးစီးမှူး (၂၁၆,၀၀၀-၂,၀၀၀-၂၂၆,၀၀၀) ထန်ပါခွေမြို့ရုံး | ဦးစီးအရာရှိ (၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀) ဖောင်းပြင်မြို့နယ်ရုံး |
| (၈၆) | ဒေါ်နီလာစိုး | ဒုတိယဦးစီးမှူး (၂၁၆,၀၀၀-၂,၀၀၀-၂၂၆,၀၀၀) ဇမ္ဗူသီရိမြို့နယ်ရုံး | ဦးစီးအရာရှိ (၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀) ဇမ္ဗူသီရိမြို့နယ်ရုံး |

| စဉ် | အမည် | လက်ရှိရာထူး၊ လစာနှုန်း၊ တာဝန်ကျရုံး | တိုးမြှင့်ခန့်ထားမည့် ရာထူး၊ လစာနှုန်း၊ တာဝန်ကျရုံး |
|---|---|---|---|
| (၈၇) | ဒေါ်ရီရီလွင် | ဒုတိယဦးစီးမှူး (၂၁၆,၀၀၀-၂,၀၀၀-၂၂၆,၀၀၀) ဝါးခယ်မမြို့နယ်ရုံး | ဦးစီးအရာရှိ (၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀) ဝါးခယ်မမြို့နယ်ရုံး |
| (၈၈) | ဦးတင်ရွှေ | ဒုတိယဦးစီးမှူး (၂၁၆,၀၀၀-၂,၀၀၀-၂၂၆,၀၀၀) ဘိုကလေးမြို့နယ်ရုံး | ဦးစီးအရာရှိ (၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀) ဘိုကလေးမြို့နယ်ရုံး |
| (၈၉) | ဒေါ်သန်းသန်းအေး | ဒုတိယဦးစီးမှူး (၂၁၆,၀၀၀-၂,၀၀၀-၂၂၆,၀၀၀) ဒဂုံမြို့သစ် (တောင်ပိုင်း) မြို့နယ်ရုံး | ဦးစီးအရာရှိ (၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀) ဒဂုံမြို့သစ် (တောင်ပိုင်း) မြို့နယ်ရုံး |
| (၉၀) | ဒေါ်မူမူသွင် | ဒုတိယဦးစီးမှူး (၂၁၆,၀၀၀-၂,၀၀၀-၂၂၆,၀၀၀) ငွေဆောင်မြို့ရုံး | ဦးစီးအရာရှိ (၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀) ပန်းတနော်မြို့နယ်ရုံး |
| (၉၁) | ဒေါ်မြင့်ကေခိုင် | ဒုတိယဦးစီးမှူး (၂၁၆,၀၀၀-၂,၀၀၀-၂၂၆,၀၀၀) ကျောက်ပန်းတောင်းမြို့နယ်ရုံး | ဦးစီးအရာရှိ (၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀) တောင်သာမြို့နယ်ရုံး |
| (၉၂) | ဦးမြင့်စိုး | ဒုတိယဦးစီးမှူး (၂၁၆,၀၀၀-၂,၀၀၀-၂၂၆,၀၀၀) ရခိုင်ပြည်နယ်ရုံး | ဦးစီးအရာရှိ (၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀) စစ်တွေခရိုင်ရုံး |
| (၉၃) | ဒေါ်ဝင်းအိဇွန် | ဒုတိယဦးစီးမှူး (၂၁၆,၀၀၀-၂,၀၀၀-၂၂၆,၀၀၀) မြို့သစ်မြို့နယ်ရုံး (မကွေးတိုင်းဒေသကြီး) | ဦးစီးအရာရှိ (၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀) မြို့သစ်မြို့နယ်ရုံး (မကွေးတိုင်းဒေသကြီး) |
| (၉၄) | ဒေါ်လဲ့လဲ့အေး | ဒုတိယဦးစီးမှူး (၂၁၆,၀၀၀-၂,၀၀၀-၂၂၆,၀၀၀) ဒဂုံ (ဆိပ်ကမ်း) မြို့နယ်ရုံး | ဦးစီးအရာရှိ (၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀) ဒဂုံ (ဆိပ်ကမ်း) မြို့နယ်ရုံး |
| (၉၅) | ဒေါ်နန်းသဲနုအောင် | ဒုတိယဦးစီးမှူး (၂၁၆,၀၀၀-၂,၀၀၀-၂၂၆,၀၀၀) ဖားဆောင်းမြို့နယ်ရုံး | ဦးစီးအရာရှိ (၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀) ဖားဆောင်းမြို့နယ်ရုံး |
| (၉၆) | ဒေါ်နော်လော်မူ | ဒုတိယဦးစီးမှူး (၂၁၆,၀၀၀-၂,၀၀၀-၂၂၆,၀၀၀) သံတောင်ကြီးမြို့နယ်ရုံး | ဦးစီးအရာရှိ (၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀) သံတောင်ကြီးမြို့နယ်ရုံး |
| (၉၇) | ဒေါ်ငြိမ်းငြိမ်းသန့် | ဒုတိယဦးစီးမှူး (၂၁၆,၀၀၀-၂,၀၀၀-၂၂၆,၀၀၀) ပြည်ခရိုင်ရုံး | ဦးစီးအရာရှိ (၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀) ရွှေတောင်မြို့နယ်ရုံး |

| စဉ် | အမည် | လက်ရှိရာထူး၊ လစာနှုန်း၊ တာဝန်ကျရုံး | တိုးမြှင့်ခန့်ထားမည့် ရာထူး၊ လစာနှုန်း၊ တာဝန်ကျရုံး |
|---|---|---|---|
| (၉၈) | ဒေါ်မြစန်းရီ | ဒုတိယဦးစီးမှူး<br>(၂၁၆,၀၀၀-၂,၀၀၀-၂၂၆,၀၀၀)<br>ဇေယျာသီရိမြို့နယ်ရုံး | ဦးစီးအရာရှိ<br>(၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀)<br>ဥတ္တရခရိုင်ရုံး |
| (၉၉) | ဒေါ်ခင်မျိုးဝင်း | ဒုတိယဦးစီးမှူး<br>(၂၁၆,၀၀၀-၂,၀၀၀-၂၂၆,၀၀၀)<br>ကော့ကရိတ်ခရိုင်ရုံး | ဦးစီးအရာရှိ<br>(၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀)<br>ကော့ကရိတ်ခရိုင်ရုံး |
| (၁၀၀) | ဒေါ်ခေါန်ဆိုင်း | ဒုတိယဦးစီးမှူး<br>(၂၁၆,၀၀၀-၂,၀၀၀-၂၂၆,၀၀၀)<br>မြစ်ကြီးနားခရိုင်ရုံး | ဦးစီးအရာရှိ<br>(၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀)<br>မြစ်ကြီးနားခရိုင်ရုံး |
| (၁၀၁) | ဦးဆောင်ကမ် | ဒုတိယဦးစီးမှူး<br>(၂၁၆,၀၀၀-၂,၀၀၀-၂၂၆,၀၀၀)<br>နန်းယွန်းမြို့နယ်ရုံး | ဦးစီးအရာရှိ<br>(၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀)<br>နန်းယွန်းမြို့နယ်ရုံး |
| (၁၀၂) | ဒေါ်အေးဝင်းခိုင် | ဒုတိယဦးစီးမှူး<br>(၂၁၆,၀၀၀-၂,၀၀၀-၂၂၆,၀၀၀)<br>ပင်လည်ဘူးမြို့နယ်ရုံး | ဦးစီးအရာရှိ<br>(၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀)<br>ပင်လည်ဘူးမြို့နယ်ရုံး |
| (၁၀၃) | ဦးထိန်ဝင်း | ဒုတိယဦးစီးမှူး<br>(၂၁၆,၀၀၀-၂,၀၀၀-၂၂၆,၀၀၀)<br>တနသ်ာရီမြို့နယ်ရုံး | ဦးစီးအရာရှိ<br>(၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀)<br>တနသ်ာရီမြို့နယ်ရုံး |
| (၁၀၄) | ဒေါ်သီတာဝင်း | ဒုတိယဦးစီးမှူး<br>(၂၁၆,၀၀၀-၂,၀၀၀-၂၂၆,၀၀၀)<br>ထုတ်လုပ်ရေးဌာနခွဲ၊ ရုံးချုပ် | ဦးစီးအရာရှိ<br>(၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀)<br>ဒလမြို့နယ်ရုံး |
| (၁၀၅) | ဒေါ်ခင်သူဇာဝင်း | ဒုတိယဦးစီးမှူး<br>(၂၁၆,၀၀၀-၂,၀၀၀-၂၂၆,၀၀၀)<br>တောင်ငူခရိုင်ရုံး | ဦးစီးအရာရှိ<br>(၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀)<br>တောင်ငူခရိုင်ရုံး |
| (၁၀၆) | ဒေါ်ဖြိုးဖြိုးကြိုင် | ဒုတိယဦးစီးမှူး<br>(၂၁၆,၀၀၀-၂,၀၀၀-၂၂၆,၀၀၀)<br>ဖားကန့်မြို့နယ်ရုံး | ဦးစီးအရာရှိ<br>(၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀)<br>မိုးကောင်းမြို့နယ်ရုံး |
| (၁၀၇) | ဒေါ်စိမ်းလှဲ့ | ဒုတိယဦးစီးမှူး<br>(၂၁၆,၀၀၀-၂,၀၀၀-၂၂၆,၀၀၀)<br>ကမာရွတ်မြို့နယ်ရုံး | ဦးစီးအရာရှိ<br>(၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀)<br>ကမာရွတ်မြို့နယ်ရုံး |
| (၁၀၈) | ဒေါ်မြမြဝင်း | ဒုတိယဦးစီးမှူး<br>(၂၁၆,၀၀၀-၂,၀၀၀-၂၂၆,၀၀၀)<br>မြောက်ဥက္ကလာပမြို့နယ်ရုံး | ဦးစီးအရာရှိ<br>(၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀)<br>မြောက်ဥက္ကလာပမြို့နယ်ရုံး |
| (၁၀၉) | ဦးဇော်မင်း | ဒုတိယဦးစီးမှူး<br>(၂၁၆,၀၀၀-၂,၀၀၀-၂၂၆,၀၀၀)<br>မြင်းခြံခရိုင်ရုံး | ဦးစီးအရာရှိ<br>(၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀)<br>မလှိုင်မြို့နယ်ရုံး |

| စဉ် | အမည် | လက်ရှိရာထူး၊ လစာနှုန်း၊ တာဝန်ကျရုံး | တိုးမြှင့်ခန့်ထားမည့် ရာထူး၊ လစာနှုန်း၊ တာဝန်ကျရုံး |
|---|---|---|---|
| (၁၁၀) | ဒေါ်ခင်လေးဝင်း | ဒုတိယဦးစီးမှူး (၂၁၆,၀၀၀-၂,၀၀၀-၂၂၆,၀၀၀) ခိုလမ်မြို့ရုံး | ဦးစီးအရာရှိ (၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀) ကျေးသီးမြို့နယ်ရုံး |
| (၁၁၁) | ဒေါ်ခင်ပပသိန်း | ဒုတိယဦးစီးမှူး (၂၁၆,၀၀၀-၂,၀၀၀-၂၂၆,၀၀၀) ရွှေကူမြို့နယ်ရုံး | ဦးစီးအရာရှိ (၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀) ရွှေကူမြို့နယ်ရုံး |
| (၁၁၂) | ဒေါ်ခင်ဝင်းသိန်း | ဒုတိယဦးစီးမှူး (၂၁၆,၀၀၀-၂,၀၀၀-၂၂၆,၀၀၀) မကွေးခရိုင်ရုံး | ဦးစီးအရာရှိ (၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀) မကွေးခရိုင်ရုံး |
| (၁၁၃) | ဦးဆောက် | ဒုတိယဦးစီးမှူး (၂၁၆,၀၀၀-၂,၀၀၀-၂၂၆,၀၀၀) ဟုမ္မလင်းမြို့နယ်ရုံး | ဦးစီးအရာရှိ (၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀) ဟုမ္မလင်းမြို့နယ်ရုံး |
| (၁၁၄) | ဒေါ်ဖြိုးမွန်မွန်ထွန်း | ဒုတိယဦးစီးမှူး (၂၁၆,၀၀၀-၂,၀၀၀-၂၂၆,၀၀၀) မြိုင်မြို့နယ်ရုံး | ဦးစီးအရာရှိ (၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀) မြိုင်မြို့နယ်ရုံး |
| (၁၁၅) | ဒေါ်တင်တင်စိန် | ဒုတိယဦးစီးမှူး (၂၁၆,၀၀၀-၂,၀၀၀-၂၂၆,၀၀၀) ပေါက်တောမြို့နယ်ရုံး | ဦးစီးအရာရှိ (၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀) ပေါက်တောမြို့နယ်ရုံး |
| (၁၁၆) | ဒေါ်ဥမ္မာအောင် | ဒုတိယဦးစီးမှူး (၂၁၆,၀၀၀-၂,၀၀၀-၂၂၆,၀၀၀) နမ့်စန်မြို့နယ်ရုံး | ဦးစီးအရာရှိ (၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀) နမ့်စန်မြို့နယ်ရုံး |
| (၁၁၇) | ဒေါ်ဇာဖြူဝင်း | ဒုတိယဦးစီးမှူး (၂၁၆,၀၀၀-၂,၀၀၀-၂၂၆,၀၀၀) မော်လမြိုင်ခရိုင်ရုံး | ဦးစီးအရာရှိ (၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀) မြဝတီခရိုင်ရုံး |
| (၁၁၈) | ဦးမျိုးမြင့်အောင် | ဒုတိယဦးစီးမှူး (၂၁၆,၀၀၀-၂,၀၀၀-၂၂၆,၀၀၀) ရေစကြိုမြို့နယ်ရုံး | ဦးစီးအရာရှိ (၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀) ရေစကြိုမြို့နယ်ရုံး |
| (၁၁၉) | ဒေါ်ရွှေရည်ဝင်းကျော် | ဒုတိယဦးစီးမှူး (၂၁၆,၀၀၀-၂,၀၀၀-၂၂၆,၀၀၀) ဝမြို့နယ်ရုံး | ဦးစီးအရာရှိ (၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀) ဝမြို့နယ်ရုံး |
| (၁၂၀) | ဦးအောင်လင်း | ဒုတိယဦးစီးမှူး (၂၁၆,၀၀၀-၂,၀၀၀-၂၂၆,၀၀၀) ဒီပဲယင်းမြို့နယ်ရုံး | ဦးစီးအရာရှိ (၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀) ဒီပဲယင်းမြို့နယ်ရုံး |
| (၁၂၁) | ဒေါ်အေးမျိုးမျိုးစံ | ဒုတိယဦးစီးမှူး (၂၁၆,၀၀၀-၂,၀၀၀-၂၂၆,၀၀၀) ဘီးလင်းမြို့နယ်ရုံး | ဦးစီးအရာရှိ (၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀) ဘီးလင်းမြို့နယ်ရုံး |

| စဉ် | အမည် | လက်ရှိရာထူး၊ လစာနှုန်း၊ တာဝန်ကျရုံး | တိုးမြှင့်ခန့်ထားမည့် ရာထူး၊ လစာနှုန်း၊ တာဝန်ကျရုံး |
|---|---|---|---|
| (၁၂၂) | ဒေါ်သော်ဇင်အောင် | ဒုတိယဦးစီးမှူး<br>(၂၁၆,၀၀၀-၂,၀၀၀-၂၂၆,၀၀၀)<br>ကျောက်ကြီးမြို့နယ်ရုံး | ဦးစီးအရာရှိ<br>(၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀)<br>ကျောက်ကြီးမြို့နယ်ရုံး |
| (၁၂၃) | ဒေါ်ခင်မေစိုး | ဒုတိယဦးစီးမှူး<br>(၂၁၆,၀၀၀-၂,၀၀၀-၂၂၆,၀၀၀)<br>ခနုဖြူမြို့နယ်ရုံး | ဦးစီးအရာရှိ<br>(၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀)<br>ခနုဖြူမြို့နယ်ရုံး |
| (၁၂၄) | ဒေါ်သန်းသန်းဝင်း | ဒုတိယဦးစီးမှူး<br>(၂၁၆,၀၀၀-၂,၀၀၀-၂၂၆,၀၀၀)<br>ကဝမြို့နယ်ရုံး | ဦးစီးအရာရှိ<br>(၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀)<br>ကဝမြို့နယ်ရုံး |
| (၁၂၅) | ဒေါ်ဇာခြည်စိမ့် | ဒုတိယဦးစီးမှူး<br>(၂၁၆,၀၀၀-၂,၀၀၀-၂၂၆,၀၀၀)<br>ကော့မှူးမြို့နယ်ရုံး | ဦးစီးအရာရှိ<br>(၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀)<br>ကော့မှူးမြို့နယ်ရုံး |
| (၁၂၆) | ဒေါ်နန်းပီး | ဒုတိယဦးစီးမှူး<br>(၂၁၆,၀၀၀-၂,၀၀၀-၂၂၆,၀၀၀)<br>မိုးမိတ်ခရိုင်ရုံး | ဦးစီးအရာရှိ<br>(၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀)<br>မိုးမိတ်ခရိုင်ရုံး |
| (၁၂၇) | ဒေါ်ခင်ချိုထွေး | ဒုတိယဦးစီးမှူး<br>(၂၁၆,၀၀၀-၂,၀၀၀-၂၂၆,၀၀၀)<br>မိုင်းစံမြို့ရုံး | ဦးစီးအရာရှိ<br>(၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀)<br>တာချီလိတ်ခရိုင်ရုံး |
| (၁၂၈) | ဒေါ်လှိုင်ပို့ပို့ဇင် | ဒုတိယဦးစီးမှူး<br>(၂၁၆,၀၀၀-၂,၀၀၀-၂၂၆,၀၀၀)<br>ကြံခင်းမြို့နယ်ရုံး | ဦးစီးအရာရှိ<br>(၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀)<br>ကြံခင်းမြို့နယ်ရုံး |
| (၁၂၉) | ဒေါ်သိန်းသိန်းယဉ် | ဒုတိယဦးစီးမှူး<br>(၂၁၆,၀၀၀-၂,၀၀၀-၂၂၆,၀၀၀)<br>ဗိုလ်တထောင်မြို့နယ်ရုံး | ဦးစီးအရာရှိ<br>(၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀)<br>ဗိုလ်တထောင်မြို့နယ်ရုံး |
| (၁၃၀) | ဦးရှောလမွန် | ဒုတိယဦးစီးမှူး<br>(၂၁၆,၀၀၀-၂,၀၀၀-၂၂၆,၀၀၀)<br>မိုင်းဖြတ်မြို့နယ်ရုံး | ဦးစီးအရာရှိ<br>(၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀)<br>မိုင်းဖြတ်မြို့နယ်ရုံး |
| (၁၃၁) | ဒေါ်သန်းသန်းညွန့် | ဒုတိယဦးစီးမှူး<br>(၂၁၆,၀၀၀-၂,၀၀၀-၂၂၆,၀၀၀)<br>အင်တောမြို့ရုံး | ဦးစီးအရာရှိ<br>(၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀)<br>ဖယ်ခုံမြို့နယ်ရုံး |
| (၁၃၂) | ဒေါ်စန္ဒာငွေး | ဒုတိယဦးစီးမှူး<br>(၂၁၆,၀၀၀-၂,၀၀၀-၂၂၆,၀၀၀)<br>ထုတ်လုပ်ရေးဌာနခွဲ၊ ရုံးချုပ် | ဦးစီးအရာရှိ<br>(၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀)<br>ရန်ကုန်အနောက်ပိုင်းခရိုင်ရုံး |
| (၁၃၃) | ဦးစိုင်းအောင်ဇော်လင်း | ဒုတိယဦးစီးမှူး<br>(၂၁၆,၀၀၀-၂,၀၀၀-၂၂၆,၀၀၀)<br>မိုင်းယောင်းမြို့နယ်ရုံး | ဦးစီးအရာရှိ<br>(၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀)<br>မိုင်းယောင်းမြို့နယ်ရုံး |

| စဉ် | အမည် | လက်ရှိရာထူး၊ လစာနှုန်း၊ တာဝန်ကျရုံး | တိုးမြှင့်ခန့်ထားမည့် ရာထူး၊ လစာနှုန်း၊ တာဝန်ကျရုံး |
|---|---|---|---|
| (၁၃၄) | ဦးမျိုးလွင် | ဒုတိယဦးစီးမှူး (၂၁၆,၀၀၀-၂,၀၀၀-၂၂၆,၀၀၀) ပြည်ကြီးမဏ္ဍိုင်မြို့ရုံး | ဦးစီးအရာရှိ (၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀) ဝေါမြို့နယ်ရုံး |
| (၁၃၅) | ဦးထွန်းထွန်းဇော် | ဒုတိယဦးစီးမှူး (၂၁၆,၀၀၀-၂,၀၀၀-၂၂၆,၀၀၀) ကိုကိုးကျွန်းမြို့နယ်ရုံး | ဦးစီးအရာရှိ (၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀) ကိုကိုးကျွန်းမြို့နယ်ရုံး |
| (၁၃၆) | ဒေါ်စန်းကလျာခိုင် | ဒုတိယဦးစီးမှူး (၂၁၆,၀၀၀-၂,၀၀၀-၂၂၆,၀၀၀) တိုက်ကြီးမြို့နယ်ရုံး | ဦးစီးအရာရှိ (၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀) တိုက်ကြီးမြို့နယ်ရုံး |
| (၁၃၇) | ဒေါ်တိုးတိုးမေ | ဒုတိယဦးစီးမှူး (၂၁၆,၀၀၀-၂,၀၀၀-၂၂၆,၀၀၀) ဟိုပင်မြို့ရုံး | ဦးစီးအရာရှိ (၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀) ဗန်းမော်ခရိုင်ရုံး |
| (၁၃၈) | ဒေါ်ဇင်မာထွန်း | ဒုတိယဦးစီးမှူး (၂၁၆,၀၀၀-၂,၀၀၀-၂၂၆,၀၀၀) ဘောလခဲခရိုင်ရုံး | ဦးစီးအရာရှိ (၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀) ဘောလခဲခရိုင်ရုံး |
| (၁၃၉) | ဒေါ်စောဝတ်ရည် | ဒုတိယဦးစီးမှူး (၂၁၆,၀၀၀-၂,၀၀၀-၂၂၆,၀၀၀) မယ်စဲမြို့နယ်ရုံး | ဦးစီးအရာရှိ (၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀) မယ်စဲမြို့နယ်ရုံး |
| (၁၄၀) | ဒေါ်မိုးမိုးထွေး | ဒုတိယဦးစီးမှူး (၂၁၆,၀၀၀-၂,၀၀၀-၂၂၆,၀၀၀) ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ အဆင့်ရုံး (ပင်းတယမြို့) | ဦးစီးအရာရှိ (၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀) ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ အဆင့်ရုံး (ပင်းတယမြို့) |
| (၁၄၁) | ဒေါ်ခင်သိမ့်သိမ့်ရည် | ဒုတိယဦးစီးမှူး (၂၁၆,၀၀၀-၂,၀၀၀-၂၂၆,၀၀၀) ရေးမြို့နယ်ရုံး | ဦးစီးအရာရှိ (၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀) ရေးမြို့နယ်ရုံး |
| (၁၄၂) | ဦးတင့်လွင်ဦး | ဒုတိယဦးစီးမှူး (၂၁၆,၀၀၀-၂,၀၀၀-၂၂၆,၀၀၀) နွားထိုးကြီးမြို့နယ်ရုံး | ဦးစီးအရာရှိ (၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀) နွားထိုးကြီးမြို့နယ်ရုံး |
| (၁၄၃) | ဒေါ်မြသက်ဦး | ဒုတိယဦးစီးမှူး (၂၁၆,၀၀၀-၂,၀၀၀-၂၂၆,၀၀၀) မန်စီမြို့နယ်ရုံး | ဦးစီးအရာရှိ (၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀) မန်စီမြို့နယ်ရုံး |
| (၁၄၄) | ဦးရဲနောင်ချစ် | ဒုတိယဦးစီးမှူး (၂၁၆,၀၀၀-၂,၀၀၀-၂၂၆,၀၀၀) ရေဦးမြို့နယ်ရုံး | ဦးစီးအရာရှိ (၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀) ရေဦးမြို့နယ်ရုံး |
| (၁၄၅) | ဒေါ်ဝင်းဝင်းသန်း | ဒုတိယဦးစီးမှူး (၂၁၆,၀၀၀-၂,၀၀၀-၂၂၆,၀၀၀) စဉ့်ကိုင်မြို့နယ်ရုံး | ဦးစီးအရာရှိ (၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀) စဉ့်ကိုင်မြို့နယ်ရုံး |

| စဉ် | အမည် | လက်ရှိရာထူး၊ လစာနှုန်း၊ တာဝန်ကျရုံး | တိုးမြှင့်ခန့်ထားမည့် ရာထူး၊ လစာနှုန်း၊ တာဝန်ကျရုံး |
|---|---|---|---|
| (၁၄၆) | ဦးဖုန်းနိုင် | ဒုတိယဦးစီးမှူး (၂၁၆,၀၀၀-၂,၀၀၀-၂၂၆,၀၀၀) ပျော်ဘွယ်မြို့နယ်ရုံး | ဦးစီးအရာရှိ (၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀) ရမည်းသင်းခရိုင်ရုံး |
| (၁၄၇) | ဒေါ်နန်းထားထားလှိုင် | ဒုတိယဦးစီးမှူး (၂၁၆,၀၀၀-၂,၀၀၀-၂၂၆,၀၀၀) ပလောင်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသအဆင့်ရုံး (နမ့်ဆန်မြို့) | ဦးစီးအရာရှိ (၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀) ပလောင်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသအဆင့်ရုံး (နမ့်ဆန်မြို့) |

## (ဝန်ကြီးရုံး)

အမှတ် ၃၆။ ၂၀၂၂ ခုနှစ်၊ မတ်လ ၁၇ ရက်နေ့တွင် ကျင်းပပြုလုပ်သော ပြည်ထောင်စုရာထူးဝန်အဖွဲ့ အစည်းအဝေးအမှတ်စဉ် (၁၁/၂၀၂၂) ၏ သဘောတူညီချက်အရ ပြန်ကြားရေးဝန်ကြီးဌာန၊ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ အောက်ဖော်ပြပါ အမှုထမ်း (၅) ဦးအား ယင်းတို့နှင့် ယှဉ်တွဲဖော်ပြပါ ရာထူးနေရာများသို့ ၂၀၂၂ ခုနှစ်၊ မတ်လ ၂၁ ရက်နေ့ နံနက်ပိုင်းမှစ၍ တိုးမြှင့်ခန့်ထားလိုက်သည်-

| စဉ် | အမည်၊ လက်ရှိရာထူး၊ လစာနှုန်း၊ ဌာနခွဲ | တိုးမြှင့်ခန့်ထားမည့် ရာထူး၊ လစာနှုန်း၊ ဌာနခွဲ |
|---|---|---|
| (က) | ဒေါ်နှင်းလဲ့လဲ့ကြည် ရုံးအုပ် (၂၃၄,၀၀၀-၂,၀၀၀-၂၄၄,၀၀၀) ဘဏ္ဍာရေးဌာနခွဲ | ဦးစီးအရာရှိ (၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀) စီမံခန့်ခွဲရေးဌာနခွဲ |
| ( ခ ) | ဒေါ်သက်သက်မာ အငယ်တန်းအင်ဂျင်နီယာ (၁) (၂၃၄,၀၀၀-၂,၀၀၀-၂၄၄,၀၀၀) စက်မှုဌာနခွဲ | လက်ထောက်အင်ဂျင်နီယာ (၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀) စက်မှုဌာနခွဲ |
| ( ဂ ) | ဦးဝင်းဇော်ဦး အငယ်တန်းအင်ဂျင်နီယာ (၁) (၂၃၄,၀၀၀-၂,၀၀၀-၂၄၄,၀၀၀) စက်မှုဌာနခွဲ | လက်ထောက်အင်ဂျင်နီယာ (၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀) စက်မှုဌာနခွဲ |
| (ဃ) | ဦးမြလွင် (ခ) လှိုင်မျိုးထွဏ်း အငယ်တန်းအင်ဂျင်နီယာ (၁) (၂၃၄,၀၀၀-၂,၀၀၀-၂၄၄,၀၀၀) စက်မှုဌာနခွဲ | လက်ထောက်အင်ဂျင်နီယာ (၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀) စက်မှုဌာနခွဲ |
| ( င ) | ဦးရဲမြင့် (၂) အငယ်တန်းအင်ဂျင်နီယာ (၁) (၂၃၄,၀၀၀-၂,၀၀၀-၂၄၄,၀၀၀) စက်မှုဌာနခွဲ | လက်ထောက်အင်ဂျင်နီယာ (၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀) စက်မှုဌာနခွဲ |

မောင်မောင်အုန်း
ပြည်ထောင်စုဝန်ကြီး
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
ပြန်ကြားရေးဝန်ကြီးဌာန

မှတ်ပုံတင်အမှတ်−၃၉

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# ပြန်တမ်း

ရန်ကုန်မြို့ { ၁၃၈၄ ခုနှစ်၊ တန်ခူးလပြည့်ကျော် ၇ ရက် (၂၀၂၂ ခုနှစ်၊ ဧပြီလ ၂၂ ရက်) } သောကြာနေ့

ဤအပိုင်းကို သီးခြားစုပေါင်း၍ တွဲထားနိုင်ရန် သီးခြားစာမျက်နှာတပ်ထားပါသည်။

## အပိုင်း ၂

### နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီရုံး

### ညွှန်ကြားချက်အမှတ် (၁/၂၀၂၂)

၁၃၈၃ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၁ ရက်

(၂၀၂၂ ခုနှစ်၊ မတ်လ ၁၇ ရက်)

### အစိုးရ၏ ဝယ်ယူခြင်း၊ နိုင်ငံပိုင်ပစ္စည်းများ ထုခွဲခြင်းနှင့် ငှားရမ်းခြင်း လုပ်ငန်းများဆောင်ရွက်ရာတွင် လိုက်နာရမည့်ညွှန်ကြားချက်

၁။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ပြည်ထောင်စုအဆင့်အဖွဲ့အစည်းများ၊ ပြည်ထောင်စုဝန်ကြီးဌာနများ၊ နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရဌာနအဖွဲ့အစည်းများက ခွင့်ပြုငွေဖြင့် တည်ဆောက်ခြင်း၊ ပစ္စည်းဝယ်ယူခြင်း၊ ဝန်ဆောင်မှုရယူခြင်း၊ နိုင်ငံပိုင်မြေ၊ အဆောက်အအုံနှင့် ပစ္စည်းများထုခွဲခြင်းနှင့် ငှားရမ်းခြင်းလုပ်ငန်းဆောင်ရွက်ရာတွင် နိုင်ငံတော်ဘဏ္ဍာရန်ပုံငွေများ နစ်နာဆုံးရှုံးမှုမရှိစေရန်၊ နိုင်ငံတော်နှင့် ပြည်သူ့အကျိုးကိုရှေးရှု၍ ဖြောင့်မတ်မှန်ကန်စွာ နည်းလမ်းတကျ ဆောင်ရွက်နိုင်စေရန်နှင့် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ အရေးပေါ်အခြေအနေ ကြေညာထားသည့်ကာလအတွင်း အစိုးရ၏လုပ်ငန်းများလျင်မြန်စွာဆောင်ရွက်နိုင်စေရန်အလို့ငှာ ဤညွှန်ကြားချက်ကိုထုတ်ပြန်လိုက်သည်။

၂။ ဤညွှန်ကြားချက်ပါ စကားရပ်များသည် အောက်ပါအတိုင်း အဓိပ္ပာယ်သက်ရောက်သည်−

(က) **ဝယ်ယူခြင်း** ဆိုသည်မှာ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းများ၊ ပြည်ထောင်စုဝန်ကြီးဌာနများ၊ နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရဌာနအဖွဲ့အစည်းများက ခွင့်ပြုငွေဖြင့် ဆောင်ရွက်သည့် တည်ဆောက်ခြင်း၊ ပစ္စည်းဝယ်ယူခြင်းနှင့် ဝန်ဆောင်မှုရယူခြင်းများကို ဆိုသည်၊

(ခ) **ခွင့်ပြုငွေ** ဆိုသည်မှာ ပြည်ထောင်စု၏ဘဏ္ဍာငွေ အရအသုံးဆိုင်ရာဥပဒေနှင့် နောက်ထပ်ဘဏ္ဍာငွေခွဲဝေသုံးစွဲရေးဥပဒေ၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေနှင့် နောက်ထပ် ဘဏ္ဍာငွေခွဲဝေသုံးစွဲရေးဥပဒေပါ သက်ဆိုင်ရာဇယားတို့တွင် ဖော်ပြပါရှိသည့် ရငွေ၊ သုံးငွေအရပ်ရပ်ကို ဆိုသည်၊

(ဂ) **နိုင်ငံပိုင်ပစ္စည်း** ဆိုသည်မှာ ဌာနပိုင်ပစ္စည်းများ၊ ဌာနပိုင်ပုံသေပိုင်ပစ္စည်းများ၊ ရွှေ့ပြောင်းနိုင်သော သို့မဟုတ် မရွှေ့မပြောင်းနိုင်သောပစ္စည်း၊ မြေ၊ အဆောက်အအုံ၊ အသိဉာဏ်ပစ္စည်း ပိုင်ဆိုင်ခွင့်များနှင့် နိုင်ငံတော်ကတရားဝင်ပိုင်ဆိုင်သည့် အခြားပိုင်ဆိုင်မှုများကို ဆိုသည်၊

(ဃ) **ဌာနပိုင်ပစ္စည်းများ** ဆိုသည်မှာ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းများ၊ ပြည်ထောင်စုဝန်ကြီးဌာနများ၊ နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရဌာနအဖွဲ့အစည်းများ၏ ထိန်းချုပ်မှု အောက်တွင်ရှိသော သို့မဟုတ် ၎င်းပိုင်ဆိုင်သော သက်ရှိသက်မဲ့တို့အပါအဝင်ဖြစ်သည့် သိုလှောင် ပစ္စည်းများ၊ ကိရိယာတန်ဆာပလာများ၊ ဌာနလက်ကျန်ပစ္စည်းများနှင့် ပိုလျှံပစ္စည်းများကို ဆိုသည်၊

(င) **ဌာနပိုင်ပုံသေပိုင်ပစ္စည်းများ** ဆိုသည်မှာ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းများ၊ ပြည်ထောင်စုဝန်ကြီး ဌာနများ၊ နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရဌာန အဖွဲ့အစည်းများ၏ ထိန်းချုပ်မှုအောက်တွင်ရှိသော သို့မဟုတ် ၎င်းပိုင်ဆိုင်သော အဆောက်အဦ၊ စက်ရုံ၊ အလုပ်ရုံ၊ စက်ယာဉ်ယန္တရားများ၊ ပရိဘောဂနှင့် စက်ပစ္စည်းစသည့်ပစ္စည်းများကို ဆိုသည်၊

(စ) **ဈေးနှုန်းအဆိုပြုလွှာတောင်းခံခြင်း** ဆိုသည်မှာ ဝယ်ယူသည့် ဌာန၊ အဖွဲ့အစည်းသည် ဈေးကွက်တွင် အသင့်ဝယ်ယူရရှိနိုင်သည့် အရည်အသွေးမီ၍ တန်ဖိုးမျှသောပစ္စည်းများ သို့မဟုတ် တည်ဆောက်ရေး လုပ်ငန်းများ သို့မဟုတ် ဝန်ဆောင်မှုများအတွက် ဝယ်ယူရေးဆောင်ရွက်ရန် တင်ဒါတင်သွင်းသူထံမှ ၎င်းကတင်သွင်းမည့်ပစ္စည်း သို့မဟုတ် တည်ဆောက်ရေးလုပ်ငန်း သို့မဟုတ် ဝန်ဆောင်မှု၏တန်ဖိုး အဆိုပြုလွှာတောင်းခံခြင်းကို ဆိုသည်၊

(ဆ) **ကန့်သတ်မှုမရှိသောတင်ဒါ (အိတ်ဖွင့်တင်ဒါ)** ဆိုသည်မှာ တင်ဒါစာရွက်စာတမ်းပါ သတ်မှတ်ချက် များနှင့်ညီညွတ်လျှင် မည်သူမဆိုတင်သွင်းနိုင်သည့် တင်ဒါနည်းလမ်းကို ဆိုသည်၊

(ဇ) **ကန့်သတ်တင်ဒါ** ဆိုသည်မှာ အများပြည်သူသို့ ကြော်ငြာခြင်းမရှိဘဲ တင်ဒါတင်သွင်းသူနှစ်ဦးအောက် မနည်းသော အရေအတွက်ကန့်သတ်ပြီး ဖိတ်ခေါ်ယှဉ်ပြိုင်စေသည့် တင်ဒါနည်းလမ်းကို ဆိုသည်၊

(ဈ) **နှစ်ဆင့်တင်ဒါ** ဆိုသည်မှာ နည်းပညာအဆိုပြုလွှာကို ဦးစွာတင်သွင်းစေ၍ နည်းပညာစံချိန်စံညွှန်း ပြည့်မီသည့် တင်ဒါတင်သွင်းသူကို စိစစ်ရွေးချယ်၍ ဈေးနှုန်းအဆိုပြုလွှာထပ်မံတင်သွင်းစေပြီး ရွေးချယ်သည့်နည်းလမ်းကို ဆိုသည်၊

(ည) **တိုက်ရိုက်ဝယ်ယူခြင်း** ဆိုသည်မှာ တင်ဒါဖိတ်ခေါ်ခြင်းမပြုဘဲ တင်ဒါတင်သွင်းမည့်သူထံမှ ဈေးနှုန်း တင်ပြစေပြီး ညှိနှိုင်းဆွေးနွေးစာချုပ်ချုပ်ဆိုဆောင်ရွက်သည့်နည်းလမ်းကို ဆိုသည်၊

(ဋ) **တင်ဒါတည်မြဲမှုကာလ** ဆိုသည်မှာ တင်ဒါဖွင့်ဖောက်သည့်အချိန်မှစ၍ တင်ဒါအောင်မြင်သူနှင့် ကန်ထရိုက် စာချုပ်ချုပ်ဆိုရန် ဆောင်ရွက်မည့်အချိန်အထိကို ဆိုသည်၊

(ဌ) **တင်ဒါကော်မတီ** ဆိုသည်မှာ အစိုးရ၏ဝယ်ယူခြင်းလုပ်ငန်းများ၊ ထုခွဲခြင်းလုပ်ငန်းများကိုဆောင်ရွက်ရန် သက်ဆိုင်ရာဝယ်ယူသည့် ဌာန၊ အဖွဲ့အစည်းက ဖွဲ့စည်းထားသော ကော်မတီကို ဆိုသည်၊

(ဍ) **ထုခွဲခြင်း** ဆိုသည်မှာ အသုံးပြုပြီးပိုလျှံသော၊ အသုံးပြုနိုင်သော သို့မဟုတ် အသုံးမပြုနိုင်သော သို့မဟုတ် ခေတ်မမီတော့သောဌာနပိုင်ပစ္စည်း၊ ဌာနပိုင်ပုံသေပိုင်ပစ္စည်းများကို ရောင်းချခြင်း၊ လွှဲပြောင်းခြင်း၊ စာရင်းမှပယ်ဖျက်ခြင်း၊ အလဲအလှယ်ပြုလုပ်ခြင်း သို့မဟုတ် အခြားပုံစံသို့ပြောင်းလဲခြင်းကို ဆိုသည်၊

(ဎ) **တိုက်ရိုက်ရောင်းချခြင်း** ဆိုသည်မှာ လေလံခေါ်ယူခြင်းမပြုဘဲ လေလံစွဲမည့်သူထံမှ ဈေးနှုန်းတင်ပြ စေပြီး ညှိနှိုင်းဆွေးနွေးစာချုပ်ချုပ်ဆို ဆောင်ရွက်သည့်နည်းလမ်းကို ဆိုသည်။

**ဝယ်ယူခြင်းတင်ဒါနည်းလမ်းများနှင့် အသုံးပြုနိုင်သည့်အခြေအနေများ**

၃။ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းများ၊ ပြည်ထောင်စုဝန်ကြီးဌာနများ၊ နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရဌာနအဖွဲ့အစည်းများသည် ဝယ်ယူခြင်းများဆောင်ရွက်ရာတွင် အောက်ပါ တင်ဒါနည်းလမ်းများကို အသုံးပြုရမည်-

(က) ဈေးနှုန်းအဆိုပြုလွှာတောင်းခံခြင်း၊

( ခ ) ကန့်သတ်မှုမရှိသောတင်ဒါ၊

( ဂ ) နှစ်ဆင့်တင်ဒါ၊

(ဃ) ကန့်သတ်တင်ဒါ၊

( င ) တိုက်ရိုက်ဝယ်ယူခြင်း။

၄။ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းများ၊ ပြည်ထောင်စုဝန်ကြီးဌာနများ၊ နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရဌာနအဖွဲ့အစည်းများသည် ရိုးရှင်းသောတည်ဆောက်ခြင်း၊ ဈေးကွက်တွင် အသင့်ရရှိနိုင်သည့်ပစ္စည်းများ ဝယ်ယူခြင်း သို့မဟုတ် ဝန်ဆောင်မှုရယူခြင်းများ ဆောင်ရွက်ရာတွင် ဝယ်ယူရေးခန့်မှန်းတန်ဖိုးသည် ကျပ် ၂၀ သန်းအောက်ဖြစ်ပါက **ဈေးနှုန်းအဆိုပြုလွှာတောင်းခံခြင်း** နည်းလမ်းကို အသုံးပြုနိုင်သည်။

၅။ ဝယ်ယူခြင်းကို ဤညွှန်ကြားချက်၏ အပိုဒ် (၄)၊ (၆)၊ (၇) နှင့် (၈) ပါ အခြေအနေများမှတစ်ပါး မည်သူမဆိုတင်သွင်းနိုင်သည့် တင်ဒါနည်းလမ်းဖြစ်သော **ကန့်သတ်မှုမရှိသောတင်ဒါ** နည်းလမ်းဖြင့် ဆောင်ရွက်ရမည်။

၆။ နှစ်ဆင့်တင်ဒါစနစ်ကို အောက်ဖော်ပြပါအခြေအနေများတွင် အသုံးပြုနိုင်သည်-

(က) ဝယ်ယူခြင်းလုပ်ငန်းစဉ် စတင်ချိန်တွင် ဝယ်ယူခြင်းဆိုင်ရာကိစ္စရပ်၏ နည်းပညာဆိုင်ရာ သို့မဟုတ် စာချုပ်ဆိုင်ရာ သီးခြားလိုအပ်ချက်များအား ကြိုတင်သတ်မှတ်ရန် မဖြစ်နိုင်ခြင်း၊

( ခ ) ဝယ်ယူခြင်း၏ ထူးခြားခက်ခဲသော သဘောသဘာဝကြောင့် ဝယ်ယူမည့်ဌာန၊ အဖွဲ့အစည်းက တင်ဒါတင်သွင်းသူနှင့် ဝယ်ယူသည့်ကိစ္စရပ်ပါ နည်းပညာဆိုင်ရာအချက်အလက်များကို အသေးစိတ်တွက်ချက်ဖော်ပြရန်နှင့် ပြန်လည်ပြင်ဆင်ရန်အတွက် ဆွေးနွေးညှိနှိုင်းရန် လိုအပ်ခြင်း။

၇။ ကန့်သတ်တင်ဒါစနစ်ကို အောက်ဖော်ပြပါအခြေအနေများတွင် အသုံးပြုနိုင်သည်-

(က) ဝယ်ယူခြင်းအတွက် ကန့်သတ်မှုမရှိသော တင်ဒါခေါ်ယူရာတွင် အရည်အသွေးပြည့်မီသော တင်ဒါများ ခေါ်ယူ၍ မရရှိနိုင်ခြင်းနှင့် တင်ဒါတင်သွင်းသူ အရေအတွက်မှာ အကန့်အသတ်ရှိခြင်း၊

( ခ ) အရေအတွက်များပြားသောတင်ဒါများအား စိစစ်အကဲဖြတ်ရာတွင် ကြာမြင့်မည့်အချိန်နှင့် ကုန်ကျစရိတ်သည် ဝယ်ယူခြင်း၏ တန်ဖိုးနှင့် နှိုင်းယှဉ်လျှင် အချိုးအစားမမျှတခြင်း၊

( ဂ ) အများပြည်သူလုံခြုံရေးနှင့် သက်ဆိုင်သည့် အခြေအနေအရ ကြော်ငြာရန်မဖြစ်နိုင်ခြင်း၊

(ဃ) အများပြည်သူဘေးကင်းလုံခြုံမှုအတွက် အရေးပါပြီးနည်းပညာမြင့်မားသည့် နိုင်ငံတော်ပိုင် တည်ဆောက်ရေးလုပ်ငန်းကြီးများ၊ သဘာဝဘေးအန္တရာယ်နှင့် အရေးပေါ်အခြေအနေတွင် ချက်ချင်းအကောင်အထည်ဖော် ဆောင်ရွက်ရန်လိုအပ်သည့် သီးခြားကိစ္စရပ်များဖြစ်ခြင်း။

၈။ တိုက်ရိုက်ဝယ်ယူခြင်းကို အောက်ဖော်ပြပါအခြေအနေတစ်ရပ်ရပ်တွင် အသုံးပြုနိုင်သည်။ တင်ဒါတင်သွင်းမည့်သူထံမှ ဈေးနှုန်းအဆိုပြုလွှာတောင်းခံ၍ ဆောင်ရွက်ရမည်–

(က) တင်ဒါတင်သွင်းသူတစ်ဦးတည်းထံတွင်သာ နည်းပညာဆိုင်ရာစွမ်းဆောင်ရည်ရှိခြင်း၊

(ခ) တင်ဒါတင်သွင်းသူတစ်ဦးတည်းထံတွင်သာ မူပိုင်ခွင့်ရှိခြင်း၊

(ဂ) အရေးပေါ်အခြေအနေတစ်ရပ်ရပ်အရ ဝယ်ယူရန်လိုအပ်ခြင်း၊

(ဃ) အစိုးရ၏ဝယ်ယူခြင်းလုပ်ငန်းများကို ဆောင်ရွက်ပြီးနောက် ပြည်ထောင်စုအဆင့်အဖွဲ့အစည်းများ၊ ပြည်ထောင်စုဝန်ကြီးဌာနများ၊ နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရဌာနအဖွဲ့အစည်းများက နောက်ထပ်လိုအပ်ချက်ကြောင့် မူလပေးသွင်းသူထံမှဝယ်ယူရန်လိုအပ်လျှင် နောက်ထပ်ဝယ်ယူမည့်အစိုးရ၏ဝယ်ယူခြင်း၏တန်ဖိုးသည် မူလစာချုပ်တန်ဖိုး စုစုပေါင်း၏ ၃၀ ရာခိုင်နှုန်းထက် မပိုခြင်း၊ ပစ္စည်းအမျိုးအစားတစ်ခုစီ၏ ဈေးနှုန်းပြောင်းလဲမှုမရှိခြင်း၊ စာချုပ်၏ ကနဦးစည်းကမ်းချက်များ ကြီးမားစွာပြောင်းလဲမှုမရှိခြင်း၊

(င) ဌာန၊ အဖွဲ့အစည်း၏ အသုံးပြုဆဲပစ္စည်းကိရိယာ၊ နည်းပညာ သို့မဟုတ် ဝန်ဆောင်မှုနှင့် ညီညွတ်စေရန်ဖြစ်စေ၊ အခြားသောပစ္စည်း သို့မဟုတ် ဝန်ဆောင်မှုများကို အစားထိုးရန်သင့်လျော်မှုမရှိလျှင် ဖြစ်စေ မူလပေးသွင်းသူထံမှသာ ဝယ်ယူရန်လိုအပ်ခြင်း၊

(စ) ကန့်သတ်မှုမရှိသော တင်ဒါ သို့မဟုတ် ကန့်သတ်တင်ဒါနည်းလမ်းများဖြင့် တင်ဒါခေါ်ယူသော်လည်း တင်ဒါတင်သွင်းသူမရှိခြင်း၊

(ဆ) နိုင်ငံတော်၏ အမျိုးသားလုံခြုံရေးနှင့် ဘေးအန္တရာယ် ကင်းရှင်းရေးကိစ္စရပ်များ၊ လုံခြုံရေးနှင့် တရားဥပဒေစိုးမိုးရေးဆိုင်ရာနှင့် ကျွမ်းကျင်မှုဆိုင်ရာ အထူးလုပ်ငန်းများ၊ မူလလုပ်ငန်းနှင့် တစ်ဆက်တစ်စပ်တည်း ဆောင်ရွက်ရမည့်လုပ်ငန်းများနှင့် သီးခြားခွင့်ပြုချက်ရရှိသောလုပ်ငန်းများ။

၉။ အထက်အပိုဒ် (၇) နှင့် (၈) ပါ တင်ဒါနည်းလမ်းများကို အသုံးပြုပါက ကျပ် ၁၀၀ သန်းအောက် ဝယ်ယူခြင်းအတွက် ပြည်ထောင်စုအဆင့်အဖွဲ့အစည်းများ၊ ပြည်ထောင်စုဝန်ကြီးဌာနများ၊ နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့များ၏ စီမံခန့်ခွဲမှုကော်မတီအစည်းအဝေး ဆုံးဖြတ်ချက်ဖြင့် ဆောင်ရွက်နိုင်ပြီး ကျပ် ၁၀၀ သန်းအထက်ဝယ်ယူခြင်းအတွက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ သို့မဟုတ် ပြည်ထောင်စုအစိုးရအဖွဲ့၏ ခွင့်ပြုချက်ဖြင့် ဆောင်ရွက်ရမည်။

## တင်ဒါဖိတ်ခေါ်ခြင်း

၁၀။ တင်ဒါကော်မတီအနေဖြင့် ဝယ်ယူခြင်းများနှင့်စပ်လျဉ်း၍ အောက်ပါအတိုင်း ဆောင်ရွက်ရမည်–

(က) ကျပ် ၂၀ သန်းအောက် ဝယ်ယူခြင်းများအတွက် ကန့်သတ်မှုမရှိသော တင်ဒါနည်းလမ်းဖြင့် ဆောင်ရွက်ရန်မလိုဘဲ တင်ဒါကော်မတီအနေဖြင့် ယုံကြည်စိတ်ချရသော အနည်းဆုံးကုမ္ပဏီ (၃) ခု ထံမှ ဈေးနှုန်းအဆိုပြုလွှာ တောင်းခံဆောင်ရွက်နိုင်သည်၊

(ခ) ကျပ် ၂၀ သန်းမှ ကျပ် ၂၀၀ သန်းအထိ ဝယ်ယူခြင်းများအတွက် ကန့်သတ်မှုမရှိသော တင်ဒါခေါ်ယူရာတွင် သက်ဆိုင်ရာဝန်ကြီးဌာန၊ ကြော်ငြာသင်ပုန်း၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ခရိုင်အုပ်ချုပ်ရေးမှူးရုံးနှင့် မြို့နယ်အုပ်ချုပ်ရေးမှူးရုံးများ၏ ကြော်ငြာသင်ပုန်းတွင် တင်ဒါဖွင့်လှစ်ရန် သတ်မှတ်ရက်ထက် (၇) ရက်ကြိုတင်၍ သိသာထင်ရှားစွာ ကြေညာရမည်၊

(ဂ) ကျပ် ၂၀၀ သန်းအထက် ဝယ်ယူခြင်းများအတွက် ဆောင်ရွက်မည့်လုပ်ငန်းအမျိုးအစားကို ရှင်းလင်းစွာဖော်ပြပြီး ကန့်သတ်မှုမရှိသော တင်ဒါဖွင့်လှစ်ရန် သတ်မှတ်ရက်ထက် အနည်းဆုံး (၁၄) ရက်ကြိုတင်ပြီး နိုင်ငံပိုင်သတင်းစာများတွင် အနည်းဆုံးနှစ်ကြိမ် သိသာထင်ရှားစွာကြော်ငြာ၍ တင်ဒါခေါ်ယူရမည်။ အလားတူ ဝန်ကြီးဌာန Website တွင် အနည်းဆုံး (၁၄) ရက် ကြိုတင်ကြေညာရမည်။

၁၁။ တင်ဒါကော်မတီသည် ငှားရမ်းခြင်းနှင့် ရောင်းချခြင်းများနှင့် စပ်လျဉ်း၍ အောက်ပါအတိုင်း ဆောင်ရွက်ရမည်–

(က) ရောင်းချမည့်ကြမ်းခင်းဈေး သို့မဟုတ် တစ်နှစ်တာငှားရမ်းခ ကျပ် ၂၀ သန်းအောက်ဖြစ်ပါက "တင်ဒါကော်မတီ" မှ ရောင်းချမည့် သို့မဟုတ် ငှားရမ်းမည့်လုပ်ငန်းအမျိုးအစားကို တိကျစွာဖော်ပြ၍ သက်ဆိုင်ရာဝန်ကြီးဌာနကြော်ငြာသင်ပုန်း၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ခရိုင်အုပ်ချုပ်ရေးမှူးရုံးနှင့် မြို့နယ်အုပ်ချုပ်ရေးမှူးရုံးများ၏ ကြော်ငြာသင်ပုန်းတွင် တင်ဒါဖွင့်လှစ်ရန် သတ်မှတ်ရက်ထက် (၇) ရက် ကြိုတင်၍ သိသာထင်ရှားစွာကြေညာရမည်၊

(ခ) ရောင်းချမည့်ကြမ်းခင်းဈေး သို့မဟုတ် တစ်နှစ်တာ ငှားရမ်းခကျပ် ၂၀ သန်းနှင့် အထက်ဖြစ်ပါက ရောင်းချမည့် သို့မဟုတ် ငှားရမ်းမည့် လုပ်ငန်းအမျိုးအစားကို တိကျစွာဖော်ပြ၍ တင်ဒါဖွင့်လှစ်ရန် သတ်မှတ်ရက်ထက် (၁၄) ရက် ကြိုတင်ပြီး နိုင်ငံပိုင်သတင်းစာများတွင် အနည်းဆုံးနှစ်ကြိမ် သိသာထင်ရှားစွာ ကြော်ငြာ၍ တင်ဒါခေါ်ယူရမည်။ အလားတူ ဝန်ကြီးဌာန Website တွင် (၁၄) ရက် ကြိုတင်ကြေညာရမည်။

**တင်ဒါတင်သွင်းခြင်း**

၁၂။ ရှုပ်ထွေးပြီးကြီးမားသည့်စီမံကိန်းကြီးများမှအပ တင်ဒါတည်မြဲမှုကာလသည် တင်ဒါတင်သွင်းသည့်နေ့ရက်မှစ၍ (၂) လထက်မပိုစေရ။ ရှုပ်ထွေးပြီး ကြီးမားသည့် စီမံကိန်းကြီးများအတွက်မူ တင်ဒါကော်မတီမှ တင်ဒါတည်မြဲမှုကာလကို သတ်မှတ်ပေးရမည်။

**ပြည်ပမှဝယ်ယူခြင်း**

၁၃။ ပြည်ပမှ ဝယ်ယူခြင်းကို ပြည်တွင်းဈေးကွက်တွင် မရရှိနိုင်ခြင်းနှင့် ပြည်ပမှပစ္စည်းကို ပြည်တွင်းတွင် ရောင်းချသူအဖြစ် ပစ္စည်းထုတ်လုပ်သူက ခွင့်ပြုထားသော အရောင်းကိုယ်စားလှယ် မရှိခြင်းတို့အတွက် ဆောင်ရွက်နိုင်သည်။ ပြည်ပမှ ဝယ်ယူခြင်းကို အထက်အပိုဒ် ၃ ပါ နည်းလမ်းများနှင့်အညီ ဆောင်ရွက်ရမည်။

**စာချုပ်စီမံခန့်ခွဲခြင်း**

၁၄။ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းများ၊ ပြည်ထောင်စုဝန်ကြီးဌာနများ၊ နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရဌာနအဖွဲ့အစည်းများသည် ဝယ်ယူရေးစာချုပ် စတင်အကျိုးသက်ရောက်သည့်နေ့မှ စာချုပ်အကောင်အထည်ဖော်မှုပြီးဆုံးသည့်နေ့အထိ စာချုပ်ကို စီမံခန့်ခွဲရန် တာဝန်ရှိသည့်အပြင် စာချုပ်အကောင်အထည်ဖော်ရန် လိုအပ်သည့်ပစ္စည်းနှင့် ဝန်ထမ်းများကို အချိန်မီဖြည့်ဆည်းပေးရမည်။ လိုအပ်ပါက ကျွမ်းကျင်ပညာရှင်များ၏ ဝန်ဆောင်မှုကို ရယူဆောင်ရွက်နိုင်သည်။ စာချုပ်ပါလုပ်ငန်း၏ သဘောသဘာဝနှင့် ခက်ခဲမှုတို့အပေါ်မူတည်၍ စာချုပ်စီမံခန့်ခွဲသူတစ်ဦး ခန့်ထားနိုင်သည်။

၁၅။ စာချုပ်ချုပ်ဆိုပြီးနောက် သတ်မှတ်ကာလအတွင်း တင်ဒါအောင်မြင်သူမှ ပစ္စည်းပေးသွင်းခြင်း သို့မဟုတ် လုပ်ငန်းဆောင်ရွက်ပေးခြင်းမပြုပါက ရက်ပေါင်း ၃၀ အတွင်း စာချုပ်ကို ဖျက်သိမ်းရေး ဆောင်ရွက်နိုင်ပြီး တင်ဒါအောင်မြင်သူက အစိုးရဌာနအဖွဲ့အစည်းများက ပေးချေထားသည့်ငွေများအားလုံးကို အပြည့်အဝပြန်လည်ပေးသွင်းပြီးမှသာ စာချုပ်ကိုဖျက်သိမ်းရမည်။

၁၆။ စာချုပ်နှင့် စပ်လျဉ်း၍ အငြင်းပွားမှုတစ်စုံတစ်ရာ ပေါ်ပေါက်ပါက ဆောလျင်စွာ ညှိနှိုင်းဆွေးနွေးခြင်း သို့မဟုတ် စာချုပ်ပါအငြင်းပွားမှုဖြေရှင်းရေးနည်းလမ်းနှင့် အနုညာတစီရင်ဆုံးဖြတ်ခြင်း သို့မဟုတ် တရားရုံးသို့ လျှောက်ထားခြင်း နည်းလမ်းများဖြင့် ဖြေရှင်းနိုင်သည်။

## ထုခွဲခြင်း

၁၇။ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းများ၊ ပြည်ထောင်စုဝန်ကြီးဌာနများ၊ နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရဌာနအဖွဲ့အစည်းများသည် ဌာနပိုင်ပစ္စည်းများ၊ ဌာနပိုင်ပုံသေပိုင်ပစ္စည်းများကို ထုခွဲရာတွင် အောက်ဖော်ပြပါနည်းလမ်းတစ်ရပ်ရပ်ကိုဖြစ်စေ၊ တစ်ရပ်ထက်ပို၍ဖြစ်စေ အသုံးပြုနိုင်သည်-

(က) ရောင်းချခြင်း၊

( ခ ) အခြားဌာန၊ အဖွဲ့အစည်းသို့ လွှဲပြောင်းပေးခြင်း၊

( ဂ ) ဖျက်ဆီးခြင်း သို့မဟုတ် စာရင်းမှပယ်ဖျက်ခြင်း၊

(ဃ) အလဲအလှယ်ပြုလုပ်ခြင်း၊

( င ) အခြားပုံစံသို့ ပြောင်းလဲခြင်း။

## ဌာနပိုင်ပစ္စည်းများ၊ ဌာနပိုင်ပုံသေပိုင်ပစ္စည်းများ ရောင်းချခြင်းနှင့် ငှားရမ်းခြင်း

၁၈။ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းများ၊ ပြည်ထောင်စုဝန်ကြီးဌာနများ၊ နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရဌာနအဖွဲ့အစည်းများသည် ဌာနပိုင်ပစ္စည်းများ၊ ဌာနပိုင်ပုံသေပိုင်ပစ္စည်းများအား ရောင်းချခြင်း၊ ငှားရမ်းခြင်းဆောင်ရွက်ရာတွင် လေလံခေါ်ယူခြင်း သို့မဟုတ် တိုက်ရိုက်ရောင်းချခြင်း၊ တိုက်ရိုက်ငှားရမ်းခြင်းပြုနိုင်သည်။

၁၉။ ရောင်းချခြင်းအတွက် လေလံခေါ်ယူခြင်းကို အောက်ပါအခြေအနေများတွင် ဆောင်ရွက်နိုင်သည်-

(က) ဝယ်ယူလိုသူအများအပြားရှိခြင်း၊ သီးခြားသတ်မှတ်ချက်မရှိခြင်း၊ အသုံးပြုမည့်သူ သို့မဟုတ် ပို့ကုန်ဆိုင်ရာတားမြစ်ကန့်သတ်ချက်မရှိခြင်း၊

( ခ ) ထူးခြားပြီး တန်ဖိုးကြီးမားသော ပစ္စည်းများအတွက် ဝယ်ယူလိုသူ အမြောက်အမြားရှိခြင်း၊

( ဂ ) ရောင်းချလိုသော ပစ္စည်းမျိုးစုံကို ခရီးစရိတ်သက်သာစေရန် တစ်နေရာတည်းတွင် စုစည်း၍ လေလံတင်ရောင်းချနိုင်ခြင်း။

၂၀။ တိုက်ရိုက်ရောင်းချခြင်းကို အောက်ပါအခြေအနေများတွင် အသုံးပြုနိုင်သည်-

(က) ဈေးကွက်အကန့်အသတ်ရှိ၍ သတ်မှတ်ထားသောဈေးနှုန်းဖြင့် ဝယ်ယူလိုသူ တစ်ဦးတည်းသာရှိခြင်း၊

( ခ ) နိုင်ငံတော်လုံခြုံရေး၊ အများပြည်သူအကျိုး၊ ဥပဒေရေးရာ သို့မဟုတ် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ထည့်သွင်းစဉ်းစားရမည့်အချက်များအရ ကုမ္ပဏီ၊ အစုအဖွဲ့ သို့မဟုတ် ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်သို့သာ ရောင်းချသင့်ခြင်း၊

( ဂ ) ရောင်းချမည့်ပစ္စည်းများသည် ဝယ်ယူမည့်သူ၏ အဆောက်အဦနှင့် ယင်းဥပစာအတွင်း ငှားရမ်းခြင်း သို့မဟုတ် အခမဲ့သုံးစွဲခြင်းပုံစံဖြင့် တည်ရှိပါက အဆိုပါပုဂ္ဂိုလ်အား ဈေးကွက်ပေါက်ဈေးဖြင့် ဦးစားပေးဝယ်ယူခွင့်ပြုသင့်ခြင်း၊

(ဃ) ကျပ် ၁၀၀ သန်းအောက် ရောင်းချခြင်းအတွက် ပြည်ထောင်စုအဆင့်အဖွဲ့အစည်းများ၊ ပြည်ထောင်စုဝန်ကြီးဌာနများ၊ နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့များ၏ စီမံခန့်ခွဲမှုကော်မတီအစည်းအဝေးဆုံးဖြတ်ချက်ဖြင့် ဆောင်ရွက်နိုင်ပြီး ကျပ် ၁၀၀ သန်းအထက် ရောင်းချခြင်းအတွက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ သို့မဟုတ် ပြည်ထောင်စုအစိုးရအဖွဲ့၏ ခွင့်ပြုချက်ဖြင့် ဆောင်ရွက်ရမည်။

၂၁။ ဌာနပိုင်ပုံသေပိုင်ပစ္စည်း ငှားရမ်းခြင်းအတွက် နိုင်ငံတော်သမ္မတရုံး၏ "နိုင်ငံပိုင်မြေ၊ အဆောက်အအုံများ ငှားရမ်းခြင်း၊ လွှဲပြောင်းခြင်းနှင့် အကျိုးတူလုပ်ကိုင်ခြင်းများတွင် လိုက်နာရမည့် ညွှန်ကြားချက်၊ ညွှန်ကြားချက်အမှတ်၊ ၃/၂၀၁၈" ကို လိုက်နာဆောင်ရွက်ရမည်။

**နိုင်ငံပိုင်ပစ္စည်းများရောင်းချခြင်းနှင့် ငှားရမ်းခြင်း**

၂၂။ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းများ၊ ပြည်ထောင်စုဝန်ကြီးဌာနများ၊ နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရဌာနအဖွဲ့အစည်းများသည် ဌာနပိုင်ပစ္စည်းများ၊ ဌာနပိုင်ပုံသေပိုင်ပစ္စည်းများမှတစ်ပါး နိုင်ငံပိုင်ပစ္စည်းများကို တည်ဆဲဥပဒေနှင့်အညီ ရောင်းချခြင်း သို့မဟုတ် ငှားရမ်းခြင်းပြုနိုင်သည်။

၂၃။ တည်ဆဲဥပဒေပြဋ္ဌာန်းချက်မရှိလျှင် အောက်ပါနည်းလမ်းများအတိုင်း ရောင်းချခြင်း သို့မဟုတ် ငှားရမ်းခြင်းပြုနိုင်သည်-

(က) လေလံခေါ်ယူခြင်း၊

(ခ) ဈေးနှုန်းကမ်းလှမ်းခြင်း၊

(ဂ) နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ သို့မဟုတ် ပြည်ထောင်စုအစိုးရအဖွဲ့၏ ခွင့်ပြုချက်ဖြင့် ငှားရမ်းခြင်းနှင့် ရောင်းချခြင်းလုပ်ငန်းများကို ဆောင်ရွက်ခြင်း။

၂၄။ "တင်ဒါကော်မတီ" အနေဖြင့် အပိုဒ် ၂၃၊ အပိုဒ်ခွဲ (ဂ) ပါ ကိစ္စရပ်မှအပ ရောင်းချမည့် သို့မဟုတ် ငှားရမ်းမည့်ပစ္စည်းအား နိုင်ငံပိုင်သတင်းစာများနှင့် ဝန်ကြီးဌာန Website တွင် တင်ဒါဖွင့်လှစ်မည့်ရက်ထက် အနည်းဆုံး (၁၄) ရက်ကြိုတင်၍ သိသာထင်ရှားစွာကြော်ငြာရမည်။

**အထွေထွေ**

၂၅။ အောက်ဖော်ပြပါ ကိစ္စရပ်များသည် ဤညွှန်ကြားချက်နှင့် အကျုံးဝင်ခြင်းမရှိစေရ-

(က) နိုင်ငံတော်၏ကာကွယ်ရေးနှင့် အမျိုးသားလုံခြုံရေးအတွက် ဆောင်ရွက်ရန်လိုအပ်သော ဝယ်ယူခြင်းဆိုင်ရာကိစ္စရပ်များ၊

(ခ) ပညာသင်ဆုများ၊ သင်တန်းများ၊ ဆွေးနွေးပွဲများ သို့မဟုတ် အလားတူကိစ္စရပ်များတွင် ပါဝင်ဆောင်ရွက်မှုများ၊

(ဂ) နိုင်ငံ့ဝန်ထမ်းများ ခန့်ထားခြင်းနှင့် ယာယီကန်ထရိုက်လုပ်သားများ ငှားရမ်းခြင်းဆိုင်ရာ ကိစ္စရပ်များ၊

(ဃ) မြေနှင့် လက်ရှိအဆောက်အအုံများဝယ်ယူခြင်း။

၂၆။ တည်ဆောက်ရေးလုပ်ငန်းများကိုသက်ဆိုင်ရာဘဏ္ဍာရေးနှစ်အတွင်းအချိန်မီပြီးစီးနိုင်ရေးအတွက် တင်ဒါလုပ်ငန်းစဉ်များကို ဘဏ္ဍာရေးနှစ်အစ (၂) လအတွင်း တင်ဒါလုပ်ထုံးလုပ်နည်းများနှင့်အညီ နှောင့်နှေးကြန့်ကြာမှုမရှိဘဲ ဆောင်ရွက်ရမည်။

၂၇။ ယခင် နိုင်ငံတော်သမ္မတရုံးမှ "အစိုးရဌာန၊ အဖွဲ့အစည်းများ၏ တည်ဆောက်ခြင်း၊ ပစ္စည်းဝယ်ယူခြင်း၊ ဝန်ဆောင်မှုရယူခြင်း၊ ငှားရမ်းခြင်းနှင့် ရောင်းချခြင်းများ ဆောင်ရွက်ရာတွင် လိုက်နာရမည့် တင်ဒါလုပ်ထုံးလုပ်နည်း-ညွှန်ကြားချက်အမှတ်၊ ၁/၂၀၁၇"၊ "စီမံကိန်းဘဏ် (Project Bank) ဆိုင်ရာညွှန်ကြားချက်-ညွှန်ကြားချက်အမှတ်၊ ၂/၂၀၁၈"၊ "နိုင်ငံပိုင်မြေ၊ အဆောက်အအုံများငှားရမ်းခြင်း၊ လွှဲပြောင်းခြင်းနှင့် အကျိုးတူလုပ်ကိုင်ခြင်းများတွင် လိုက်နာရမည့် ညွှန်ကြားချက်-ညွှန်ကြားချက်အမှတ်၊ ၃/၂၀၁၈"၊ "တည်ဆောက်ရေးလုပ်ငန်းများအတွက် နိုင်ငံတော်ဘဏ္ဍာရန်ပုံငွေတောင်းခံခြင်းနှင့် တင်ဒါဆိုင်ရာ စံသတ်မှတ်ထားသည့်လုပ်ထုံးလုပ်နည်းဆိုင်ရာညွှန်ကြားချက်-ညွှန်ကြားချက်အမှတ်၊ ၇/၂၀၂၀" နှင့် ယခင်စီမံကိန်း၊ ဘဏ္ဍာရေးနှင့်

စက်မှုဝန်ကြီးဌာနမှ "အစိုးရက ဖိတ်ခေါ်ခြင်းမရှိဘဲ မိမိဆန္ဒအလျောက် တင်သွင်းသည့်စီမံကိန်း အဆိုပြုလွှာများ (Unsolicited Proposals) ယှဉ်ပြိုင်တင်ဒါခေါ်ယူမှုလုပ်ငန်းစဉ်ဆိုင်ရာ လုပ်ထုံးလုပ်နည်း- အမိန့်ကြော်ငြာစာအမှတ်၊ ၁/၂၀၂၀" တို့ကို ထုတ်ပြန်ခဲ့ပါသည်။

၂၈။ အထက်အပိုဒ် (၂၇) ပါ ညွှန်ကြားချက်၊ အမိန့်ကြော်ငြာစာများသည် ဤညွှန်ကြားချက်နှင့် ဆန့်ကျင်ကွဲလွဲမှုရှိလျှင် ဤညွှန်ကြားချက်ကိုသာ လိုက်နာဆောင်ရွက်ရမည်။

ခင်လတ်
အမြဲတမ်းအတွင်းဝန်

## စစ်ရာထူးခန့်ချုပ်ရုံး
## (ကြည်းတပ်ဌာနစု)

၁၃၈၃ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၆ ရက်
(၂၀၂၂ ခုနှစ်၊ မတ်လ ၂၂ ရက်)

အမှတ် ၄၉/၂၀၂၂။ ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း) စီမံရေးနှင့် တာဝန်ဌာန၊ စီမံရေးဌာနခွဲ၏ ၂၀၂၂ ခုနှစ်၊ မတ်လ ၁၇ ရက်စွဲပါစာအမှတ်၊ ၁/၁၀/ ဦး ၆ ပါ ကာကွယ်ရေးဌာနကောင်စီ၏ အမှုဆောင်အဖွဲ့ သဘာပတိ၏ သဘောတူခွင့်ပြုချက်အရ အောက်ဖော်ပြပါ အရာခံဗိုလ်များအား ၂၀၂၂ ခုနှစ်၊ မတ်လ ၂၂ ရက် နေ့မှအစပြု၍ တပ်မတော် (ကြည်း) တွင် ပြန်တမ်းဝင်အရာရှိ (ဒုတိယဗိုလ်) အဖြစ် ခန့်အပ်လိုက်သည်-

(၁) ဇာအုပ် ကြည်း ၇၈၃၀၃

(၂) သက်နိုင် ကြည်း ၇၈၃၀၄

၁၃၈၃ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၉ ရက်
(၂၀၂၂ ခုနှစ်၊ မတ်လ ၂၅ ရက်)

အမှတ် ၅၂/၂၀၂၂။ ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း) စီမံရေးနှင့် တာဝန်ဌာန၊ စီမံရေးဌာနခွဲ၏ ၂၀၂၂ ခုနှစ်၊ မတ်လ ၁၇ ရက်စွဲပါ စာအမှတ်၊ ၁/၁၀/ ဦး ၆ ပါ ကာကွယ်ရေးဌာနကောင်စီ၏ အမှုဆောင်အဖွဲ့ သဘာပတိ၏ သဘောတူခွင့်ပြုချက်အရ အောက်ဖော်ပြပါ အရာခံဗိုလ်အား ၂၀၂၂ ခုနှစ်၊ မတ်လ ၂၅ ရက် နေ့မှအစပြု၍ တပ်မတော် (ကြည်း) တွင် ပြန်တမ်းဝင်အရာရှိ (ဒုတိယဗိုလ်) အဖြစ် ခန့်အပ်လိုက်သည်-

ငွေးလွင် ကြည်း ၇၈၃၀၅

၁၃၈၃ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၁၂ ရက်
(၂၀၂၂ ခုနှစ်၊ မတ်လ ၂၈ ရက်)

အမှတ် ၅၅/၂၀၂၂။ ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း) စီမံရေးနှင့် တာဝန်ဌာန၊ စီမံရေးဌာနခွဲ၏ ၂၀၂၂ ခုနှစ်၊ မတ်လ ၁၇ ရက်စွဲပါစာအမှတ်၊ ၁/၁၀/ ဦး ၆ ပါ ကာကွယ်ရေးဌာနကောင်စီ၏ အမှုဆောင်အဖွဲ့ သဘာပတိ၏ သဘောတူခွင့်ပြုချက်အရ အောက်ဖော်ပြပါ အရာခံဗိုလ်အား ၂၀၂၂ ခုနှစ်၊ မတ်လ ၂၇ ရက် နေ့မှအစပြု၍ တပ်မတော် (ကြည်း) တွင် ပြန်တမ်းဝင်အရာရှိ (ဒုတိယဗိုလ်) အဖြစ် ခန့်အပ်လိုက်သည်-

ငွေးမင်း ကြည်း ၇၈၃၀၆

အမိန့်အရ

ဒုတိယဗိုလ်ချုပ်ကြီး လင်းအောင်
စစ်ရာထူးခန့်ချုပ်
စစ်ရာထူးခန့်ချုပ်ရုံး

မှတ်ပုံတင်အမှတ်—၃၉

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# ပြန်တမ်း

ရန်ကုန်မြို့ { ၁၃၈၄ ခုနှစ်၊ တန်ခူးလပြည့်ကျော် ၇ ရက် (၂၀၂၂ ခုနှစ်၊ ဧပြီလ ၂၂ ရက်) } သောကြာနေ့

ဤအပိုင်းကို သီးခြားစုပေါင်း၍ တွဲထားနိုင်ရန် သီးခြားစာမျက်နှာတပ်ထားပါသည်။

## အပိုင်း ၄

**My Play Company Limited**

**Company Registration No. 113339675**

လူမွဲခံယူခြင်းဆိုင်ရာဥပဒေ၏ ပုဒ်မ ၁၄၇ နှင့် လူမွဲခံယူခြင်းဆိုင်ရာနည်းဥပဒေများ၏
နည်းဥပဒေ ၉ နှင့် ၁၅ (ခ) အရ
အစုရှယ်ယာရှင်များ၏ ဆန္ဒအလျောက် စာရင်းရှင်းလင်းဖျက်သိမ်းရန် အထူးဆုံးဖြတ်ချက်

၁။ ကုမ္ပဏီလီမိတက်အား ဆန္ဒအလျောက် စာရင်းရှင်းလင်းဖျက်သိမ်းရန် (၃၀-၃-၂၀၂၂) ရက်နေ့ ကုမ္ပဏီ၏ မှတ်ပုံတင်ရုံးခန်းတွင် ကျင်းပပြုလုပ်သော အထွေထွေအစည်းအဝေးမှ အစုရှယ်ယာရှင်များ၏ ဆန္ဒအလျောက် ဆုံးဖြတ်ချက် ချမှတ်ခဲ့ပြီးဖြစ်ပါသည်။

၂။ ယင်းအစည်းအဝေးမှ ကုမ္ပဏီ၏ စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိအဖြစ် ဦးကျော်ခိုင်လင်း (CPA)၊ တိုက် (E)၊ ဝင်ပေါက် (၃)၊ အခန်း (၆၀၆)၊ ၁ လမ်း၊ ဟိုင်းဝေးကွန်းပလက်အိမ်ရာ၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီးအား စာရင်းရှင်းလင်းဖျက်သိမ်းရေးလုပ်ငန်းအား ဥပဒေစည်းမျဉ်းများနှင့်အညီ ဆောင်ရွက်နိုင်ရန် စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိအဖြစ် တရားဝင်ခန့်အပ်ရန် ဆုံးဖြတ်ပါသည်။

၃။ သို့ပါ၍ ကုမ္ပဏီထံမှ ကြွေးမြီတစ်စုံတစ်ရာ တောင်းခံရရှိသူသည် အသေးစိတ်ဖော်ပြချက်နှင့် အထောက်အထားများပါပူးတွဲ၍ စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိထံသို့ ၂၀၂၂ ခုနှစ်၊ ဧပြီလ ၂၉ ရက်နေ့ မတိုင်မီ ပေးပို့တင်ပြရန်နှင့် ယင်းသတ်မှတ်ရက်မတိုင်မီ ပြည့်စုံစွာတင်ပြတောင်းခံခြင်းမရှိသော ကြွေးမြီများနှင့် ပေးချေရန်များကို ပေးချေမှုတွင် ထည့်သွင်းစဉ်းစားမည်မဟုတ်ကြောင်း အသိပေးအပ်ပါသည်။

စီမံအုပ်ချုပ်မှုဒါရိုက်တာ

My Play Company Limited

**Environ Myanmar Company Limited**

**Company Registration No. 117433420**

လူမွဲခံယူခြင်းဆိုင်ရာဥပဒေ၏ ပုဒ်မ ၁၄၇ နှင့် လူမွဲခံယူခြင်းဆိုင်ရာနည်းဥပဒေများ၏

နည်းဥပဒေ ၉ နှင့် ၁၅ (ခ) အရ

အစုရှယ်ယာရှင်များ၏ ဆန္ဒအလျောက် စာရင်းရှင်းလင်းဖျက်သိမ်းရန် အထူးဆုံးဖြတ်ချက်

၁။ ကုမ္ပဏီလီမိတက်အား ဆန္ဒအလျောက် စာရင်းရှင်းလင်းဖျက်သိမ်းရန် ၂၀၂၂ ခုနှစ်၊ မတ်လ ၈ ရက်နေ့ ကုမ္ပဏီ၏ မှတ်ပုံတင်ရုံးခန်းတွင် ကျင်းပပြုလုပ်သော အထွေထွေအစည်းအဝေးမှ အစုရှယ်ယာရှင်များ၏ ဆန္ဒအလျောက် ဆုံးဖြတ်ချက် ချမှတ်ခဲ့ပြီးဖြစ်ပါသည်။

၂။ ယင်းအစည်းအဝေးမှ ကုမ္ပဏီ၏ စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိအဖြစ် ဦးကျော်ခိုင်လင်း (CPA)၊ တိုက် (E)၊ ဝင်ပေါက် (၃)၊ အခန်း (၆၀၆)၊ ၁ လမ်း၊ ဟိုင်းဝေးကွန်းပလက်အိမ်ရာ၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီးအား စာရင်းရှင်းလင်းဖျက်သိမ်းရေးလုပ်ငန်းအား ဥပဒေစည်းမျဉ်းများနှင့်အညီ ဆောင်ရွက်နိုင်ရန် စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိအဖြစ် တရားဝင်ခန့်အပ်ရန် ဆုံးဖြတ်ပါသည်။

၃။ သို့ပါ၍ ကုမ္ပဏီထံမှ ကြွေးမြီတစ်စုံတစ်ရာ တောင်းခံရရှိသူသည် အသေးစိတ်ဖော်ပြချက်နှင့် အထောက်အထားများပါပူးတွဲ၍ စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိထံသို့ ၂၀၂၂ ခုနှစ်၊ ဧပြီလ ၇ ရက်နေ့ မတိုင်မီ ပေးပို့တင်ပြရန်နှင့် ယင်းသတ်မှတ်ရက်မတိုင်မီ ပြည့်စုံစွာတင်ပြတောင်းခံခြင်းမရှိသော ကြွေးမြီများနှင့် ပေးချေရန်များကို ပေးချေမှုတွင် ထည့်သွင်းစဉ်းစားမည်မဟုတ်ကြောင်း အသိပေးအပ်ပါသည်။

စီမံအုပ်ချုပ်မှုဒါရိုက်တာ
Environ Myanmar Company Limited

**IN THE MATTER OF MYANMAR COMPANIES LAW**

**I-CASH MICROFINANCE LIMITED**

**FINAL MEETING NOTICE FOR VOLUNTARY WINDING UP**

According to Myanmar Companies Law 2017, notice of Final Meeting for Winding-up of the shareholders of the Company held at No. (635-A-1), Room No. (A-3), Yoma Yeiktha, (2) Quarter, Pyay Road, Kamayut Township, Yangon, Myanmar at 9:00 am on 21-5-2022.

Daw Tin Win Yu
Liquidator
FAMAT COMPANY LIMITED
No. (635-A-1), Room No. (A-3), (B-3),
Yoma Yeiktha, (2) Quarter, Pyay Road,
Kamayut Township, Yangon Region.

## SPLYT LTD
## (ဆန္ဒအလျောက်ဖျက်သိမ်းဆဲ)
### နောက်ဆုံးအကြိမ်အစည်းအဝေးခေါ်ယူခြင်း

ဤကုမ္ပဏီ၏ စာရင်းများကို ရှင်းလင်းပြုစုဆောင်ရွက်ထားပြီးဖြစ်၍ အစုရှင်များအားလုံးသို့ တင်ပြအတည်ပြုချက်ရယူလိုပါသဖြင့် အောက်ပါအတိုင်း ကျင်းပပြုလုပ်မည့် အစည်းအဝေးသို့ အစုရှင်များ မပျက်မကွက် တက်ရောက်ကြပါရန် ဖိတ်ကြားပါကြောင်း ကြေညာအပ်ပါသည်။

အစည်းအဝေးအသေးစိတ်မှာ အောက်ပါအတိုင်းဖြစ်ပါသည်။

နေ့ရက် - ၂၃-၅-၂၀၂၂

အချိန် - နံနက် ၁၀ နာရီ

နေရာ - အမှတ် [21/26–7/1–3(B)]၊ ကုန်းမြင့်ရိပ်သာလမ်း၊ (၆) ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။

U Yan Nyein Aung
Managing Director
SPLYT LTD

ဒေါ်သန်းသန်းနိုင်
စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ
အမှတ် – ၉၈၊ စတုတ္ထထပ် (ဘီ)၊ စက်တွင်းလမ်း၊
ဂဠုန်ရပ်ကွက်၊ အလုံမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။

## METTA VENTURES LTD
## (ဆန္ဒအလျောက်ဖျက်သိမ်းဆဲ)
### နောက်ဆုံးအကြိမ်အစည်းအဝေးခေါ်ယူခြင်း

ဤကုမ္ပဏီ၏ စာရင်းများကို ရှင်းလင်းပြုစုဆောင်ရွက်ထားပြီးဖြစ်၍ အစုရှင်များအားလုံးသို့ တင်ပြအတည်ပြုချက်ရယူလိုပါသဖြင့် အောက်ပါအတိုင်း ကျင်းပပြုလုပ်မည့် အစည်းအဝေးသို့ အစုရှင်များ မပျက်မကွက် တက်ရောက်ကြပါရန် ဖိတ်ကြားပါကြောင်း ကြေညာအပ်ပါသည်။

အစည်းအဝေးအသေးစိတ်မှာ အောက်ပါအတိုင်းဖြစ်ပါသည်။

နေ့ရက် - ၂၃-၅-၂၀၂၂

အချိန် - နံနက် ၁၀ နာရီ

နေရာ - အမှတ် [21/26–7/1–3(B)]၊ ကုန်းမြင့်ရိပ်သာလမ်း၊ (၆) ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။

U Moe Myat Aung
Managing Director
METTA VENTURES LTD

ဒေါ်သန်းသန်းနိုင်
စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ
အမှတ် – ၉၈၊ စတုတ္ထထပ် (ဘီ)၊ စက်တွင်းလမ်း၊
ဂဠုန်ရပ်ကွက်၊ အလုံမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။

**GoGlobal Myanmar Company Limited**

**Company Registration No. 108647264**

လူမွဲခံယူခြင်းဆိုင်ရာဥပဒေ၏ ပုဒ်မ ၁၄၇ နှင့် လူမွဲခံယူခြင်းဆိုင်ရာနည်းဥပဒေများ၏
နည်းဥပဒေ ၉ နှင့် ၁၅ (ခ) အရ
အစုရှယ်ယာရှင်များ၏ ဆန္ဒအလျောက် စာရင်းရှင်းလင်းဖျက်သိမ်းရန် အထူးဆုံးဖြတ်ချက်

၁။ ကုမ္ပဏီလီမိတက်အား ဆန္ဒအလျောက် စာရင်းရှင်းလင်းဖျက်သိမ်းရန် (၃၀-၃-၂၀၂၂) ရက်နေ့ ကုမ္ပဏီ၏ မှတ်ပုံတင်ရုံးခန်းတွင် ကျင်းပပြုလုပ်သော အထွေထွေအစည်းအဝေးမှ အစုရှယ်ယာရှင်များ၏ ဆန္ဒအလျောက် ဆုံးဖြတ်ချက် ချမှတ်ခဲ့ပြီးဖြစ်ပါသည်။

၂။ ယင်းအစည်းအဝေးမှ ကုမ္ပဏီ၏ စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိအဖြစ် ဦးကျော်ခိုင်လင်း (CPA)၊ တိုက် (E)၊ ဝင်ပေါက် (၃)၊ အခန်း (၆၀၆)၊ ၁ လမ်း၊ ဟိုင်းဝေးကွန်းပလက်အိမ်ရာ၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီးအား စာရင်းရှင်းလင်းဖျက်သိမ်းရေးလုပ်ငန်းအား ဥပဒေစည်းမျဉ်းများနှင့်အညီ ဆောင်ရွက်နိုင်ရန် စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိအဖြစ် တရားဝင်ခန့်အပ်ရန် ဆုံးဖြတ်ပါသည်။

၃။ သို့ပါ၍ ကုမ္ပဏီထံမှ ကြွေးမြီတစ်စုံတစ်ရာ တောင်းခံရရှိသူသည် အသေးစိတ်ဖော်ပြချက်နှင့် အထောက်အထားများပါပူးတွဲ၍ စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိထံသို့ ၂၀၂၂ ခုနှစ်၊ ဧပြီလ ၂၉ ရက်နေ့ မတိုင်မီ ပေးပို့တင်ပြရန်နှင့် ယင်းသတ်မှတ်ရက်မတိုင်မီ ပြည့်စုံစွာတင်ပြတောင်းခံခြင်းမရှိသော ကြွေးမြီများနှင့် ပေးချေရန်များကို ပေးချေမှုတွင် ထည့်သွင်းစဉ်းစားမည်မဟုတ်ကြောင်း အသိပေးအပ်ပါသည်။

Nway Nway Hay Mhan
Director
GoGlobal Myanmar Company Limited

စီမံအုပ်ချုပ်မှုဒါရိုက်တာ
GoGlobal Myanmar Company Limited

**IN THE MATTER OF MYANMAR COMPANIES LAW**

**MYANMAR SEA MASTER COMPANY LIMITED**

**FINAL MEETING NOTICE FOR VOLUNTARY WINDING UP**

According to Myanmar Companies Law 2017, notice of Final Meeting for Winding-up of the shareholders of the Company held at No. (635–A–1), Room No. (A–3), Yoma Yeiktha, (2) Quarter, Pyay Road, Kamayut Township, Yangon, Myanmar at 9:00 am on 21–5–2022.

Daw Tin Win Yu
Liquidator
FAMAT COMPANY LIMITED
No. (635–A–1), Room No. (A–3), (B–3),
Yoma Yeiktha, (2) Quarter, Pyay Road,
Kamayut Township, Yangon Region.

ပ၊ ထ၊ န - အမှတ် ၅၇၅/ ၂၁/ ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန/ စောင်ရေ - ၁၇၈၀/ ၂၂-၄-၂၀၂၂။